


"နေရမယ့်အချိန်တွေလည်း နည်းသွားပြီ။
သေဖို့ကလည်း တနေ့ထက်တနေ့ နီးနီးလာပြီဆိုတာ မမေ့ကြနဲ့။
ရခဲတဲ့လူ့ဘဝကို ရပြီးခါမှ စားဝတ်နေရေးအလုပ်တွေနဲ့ပဲ
ဘဝတစ်ခုလုံးကို မကုန်လွန်ပါစေနဲ့။
ပညာရှိသူတော်ကောင်းတွေကို မှီဝဲဆည်းကပ်ကြပါ။
သတိပဋ္ဌာန် တရားတွေ၊
သစ္စာတရားတွေကိုလည်း နာကြားကြပါ။
သံသရာက လွတ်မယ့် ကျွတ်မယ့်
ဝိပဿနာအလုပ်ကို ဆင်ခြေ အမျိုးမျိုးပေးပြီး
ရှောင်တိမ်းမနေဘဲ လုပ်ဖြစ်အောင်လုပ်ကြပါ။
ဒါမှလူဖြစ်ရကျိုးနပ်မယ်။
သာသနာနဲ့ ကြုံရကျိုးနပ်မယ်။"

မြစိမ်းတောင်ဆရာတော်အရှင်ဇာနေယျ


မြစိမ်းတောင်ဆရာတော်အရှင်ဇာနေယျ ရွေဥပမာတရားတော်

ဝိမုတ္တိသုခ

# မြစိမ်းတောင်ဆရာတော်
# အရှင်ဇာနေယျ
## ရွေဥပမာတရားတော်

shweaungkyaw@gmail.com 09421054457

www.myaseintaung.net



# ဝိမုတ္တိသုခ

စာပေ

တိုက်(၃၀)ဒုတိယထပ်၊ ၁၅၇ - လမ်း၊တာမွေ၊ရန်ကုန်။

၀၉ ၇၃၀ ၂၅၈၇၁၊ ၀၁ ၅၅၉၁၇၇

## ပုံနှိပ်မှတ်တမ်း

ထုတ်ဝေသူ

ဦးဝင်းချို(ရွှေဝံ၊ စာပေ)

အမှတ်(၂၁၂)၃၁၊လမ်း၊

ပန်ဘဲတန်းမြို့နယ်၊ရန်ကုန်။

ပုံနှိပ်သူ

ဦးမောင်မောင်မြင့်ထွေး (ကျိုင်းတုံပုံနှိပ်တိုက်)

အမှတ်(၃၅)၊ ၁၅၇ လမ်း

တာမွေမြို့နယ်၊ ရန်ကုန်။

မျက်နှာဖုံးပန်းချီနှင့်အတွင်းဒီဇိုင်း

ပန်းချီအောင်ကျော်

ဖုန်း ၀၉ ၄၂၁၀၅၄၄၅၇

ကွန်ပျူတာဖလင်

စိန်နဂါး

အကြိမ်၊

၂၀၁၃ ခုနှစ်၊ဖေဖော်ဝါရီလ၊ပထမအကြိမ်၊

ရောင်းဈေး (၁၂၀၀) ကျပ်

ဖြန့်ချိရေး

စာအုပ်တိုက်

B-4 301,TOSTA အိမ်ယာ၊ ၆၅-ရပ်ကွက်၊တောင်ဒဂုံ။

ဖုန်း-၇၃၀၈၉၀၆၃




............................................................ သို့

www.myaseintaung.net

............................................................ မှ


**ဓမ္မလက်ဆောင်မွန်**

"နေရမယ့်အချိန်တွေလည်း နည်းသွားပြီ။
သေဖို့ကလည်း တနေ့ထက်တနေ့ နီးနီးလာပြီဆိုတာ မမေ့ကြနဲ့။
ရခဲတဲ့လူ့ဘဝကို ရပြီးခါမှ စားဝတ်နေရေးအလုပ်တွေနဲ့ပဲ
ဘဝတစ်ခုလုံးကို မကုန်လွန်ပါစေနဲ့။

ပညာရှိသူတော်ကောင်းတွေကို မှီဝဲဆည်းကပ်ကြပါ။
သတိပဋ္ဌာန် တရားတွေ၊
သစ္စာတရားတွေကိုလည်း နာကြားကြပါ။
သံသရာက လွတ်မယ့် ကျွတ်မယ့်
ဝိပဿနာအလုပ်ကို ဆင်ခြေ အမျိုးမျိုးပေးပြီး
ရှောင်တိမ်းမနေဘဲ လုပ်ဖြစ်အောင်လုပ်ကြပါ။

ဒါမှလူဖြစ်ရကျိုးနပ်မယ်။
သာသနာနဲ့ ကြုံရကျိုးနပ်မယ်။"

**မြစိမ်းတောင်ဆရာတော် အရှင်ဇာနေယျ**



## ဆရာတော်ဘုရား၏ ထေရုပ္ပတ္တိအကျဉ်း

ဆရာတော်၏ ငယ်နာမည်မှာ မောင်စိန်မင်းဖြစ်သည်။ ဘောလုံးကွင်းကျောင်းလမ်း၊တိုက်ကြီးမြို့၌ ဖခမည်းတော် ဦးကြွက်နီ၊ မယ်တော် ဒေါ်သန်းသန်းတို့မှ ၁၃၁၅ခု တပို့တွဲလဆန်း (၁၃)ရက်၊ အင်္ဂါနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူသည်၊မွေးချင်း (၅)ဦးအနက် သားဦးရတနာဖြစ်တော်မူသည်။

တိုက်ကြီးမြို့လယ် ဘုရားကြီးကျောင်းဆရာတော် ဦးကိတ္တိဝရကို ဥပဇ္ဈာယ်ပြု၍ ရှင်သာမဏေဖြစ်သည်။ ၁၃၄၃ခုနှစ်၊ တန်ခူးလဆန်း (၁၃)ရက်၊ နံနက် (၉)နာရီ (၁၂)မိနစ်၌ ဘုရားကြီးကျောင်းဆရာတော်ဦးကိတ္တိဝရဦးပဇ္ဈာယ်ပြုတော်မူ၍မြင့်မြတ်သော ရဟန်းအဖြစ်ရောက်ရှိတော်မူလေသည်။ဥပဇ္ဈာယ်ဆရာတော်ကျောင်းတွင် (၂)နှစ် အခြေခံသင်ကြား၍ ဥက္ကံမြို့ ဘုရားကြီးကျောင်းတွင်(၁)ဝါ၊ သဒ္ဒါ၊ ပိနည်း၊ သင်္ဂြိုလ်သင်ကြားပါသည်။

စာမျက်နှာ၊၅၊

ရဟန်းဝါ(၄)ဝါမှစ၍ပထမမင်းကွန်းတောရတွင် (၁)လ၊ မဟာစည် သာသနာ့ ရိပ်သာကြီးတွင် (၁)လ အားထုတ်ပါသည်။ ရွှေရေးဆောင် ဆရာတော်ကြီးထံ တရားစစ်ခံရသည်။ တစ်လပြည့်သောအခါမိတ္ထီလာတောင်ပုလုဆရာတော် ဘုရားကြီးထံတွင် ခုတင်ဆောင်ပြီး (၆)လအားထုတ်၍ တောင်ပုလု မိတ္ထီလာမှ ပြန်လာပြီး လိမ္မော်ခြံ ကျေးရွာအရှေ့ဘက် ပြန့်ကြီးတောထဲတွင် တောရ(၆)နှစ်ခန့် ဆောက်တည်ခဲ့ပါသည်။

မဟာစည်သာသနာ့ရိပ်သာကြီးသို့ တောရဆောက်တည်ရာမှ(၁၀)ကြိမ်မက ဝင်ရောက်အားထုတ်လိုက်၊ တောရဆောက်တည်လိုက်နှင့် ဝိပဿနာတရား များကို ကြိုးစား ကျင့်ကြံ အားထုတ် ခဲ့ပါသည်။ မဟာစည်သာသနာ့ရိပ်သာကြီးတွင် တစ်ကြိမ်လျှင် (၄၅)ရက်နှင့် (၁၀)ကြိမ်မက အားထုတ်ခဲ့ပါသည်။

ရွှေတောင်ကုန်း ဆရာတော်ကြီးလက်ထက် ဦးသာသနထံတွင် တရားစစ်ခံရပါသည်။ နောက်နှစ် တရားစခန်းဝင်စဉ်မြစ်သားဆရာတော်၊ လေးမျက်နှာဆရာ တော်၊ ဆရာတော်ဦးဇဋိလတို့ထံတွင် ဆိတ်ငြိမ်(၆)လဝင်စဉ်က တရားအစစ်ခံရပါသည်။ ပထမအကြိမ်ဆိတ်ငြိမ်ဝင်စဉ်ကကြို့ပင်ကောက်ဆရာတော်ကြီး စစ်ဆေးပါသည်။ ရဟန်းဝါ (၁၀)ဝါကျော်ပြီးချိန်မှစ၍ မြစိမ်းတောင်ကျောင်းတာဝန်များကို ထမ်းဆောင်နေဆဲဖြစ်၍၊ မဟာစည်ရိပ်သာကြီးသို့ နှစ်စဉ်သွားရောက်နိုင်ခြင်း မပြုနိုင်သော်လည်း ကျောင်းရှိသံဃာ၊ သီလရှင်၊ ယောဂီများအား မိမိ တတ်စွမ်းသ၍ ပဋိပတ်ကျင့်စဉ်များအား ဟောပြောပြသ၍ မဟာစည်ဆရာ တော်ကြီး၏ နည်းနာနိဿယအတိုင်း တရားရှုမှတ်နည်းများအား သင်ကြားပေး၍ ယောဂီများအားတရားရှု


မှတ်စေခဲ့ပါသည်။ တစ်ဖက်ကလည်း ကျောင်းနှင့်ပတ်သတ်သော ဒါယိကာ၊ဒါယိကာမများ၏သာရေး၊နာရေးကိစ္စများဆောင်ရွက်နေရသလို၊တစ်ဖက်ကလည်းဗုဒ္ဓမြတ်စွာအဖဘုရား၏အလိုတော်အတိုင်း သာသနာတော်ကြီး အရှည်တည်တံ့စေခြင်းငှာ ပဋိပတ္တိ သာသနာတော်ထွန်းကားပြန့်ပွားစေခြင်းငှာ သံဃာ၊ သီလရှင်၊ ယောဂီတို့ တရားအားထုတ်မှုလမ်းမှန်တည့်စေရန်မိမိသိသ၍အားသွန်ခွန်စိုက် တရားရှုမှတ်မှုများပောပြောပြသတိုက်တွန်းဆောင်ရွက်လျှက်ရှိပါသည်။ မြစိမ်းတောင်ဆရာတော်ဘုရားသည် အများသူငါတို့ အပါယ်တခါးပိတ်ရေး၊ အများအကျိုးကို အချိန်ပြည့် မနားမနေ ဆောင်ရွက်နေသလို မိမိကိုယ်တိုင်လည်း မြတ်ဘုရားအဆုံးအမအတိုင်း ဤသံသရာဝဋ်မှကျွတ်ရေးအတွက်အများအကျိုးကိုဆထက်ထမ်းပိုးသယ်ပိုးနိုင်ရေးအတွက်ပဋိပတ်အလုပ်တရားတွင်မွေ့လျော်အားထုတ်ရင်းသာသနာ့တာဝန်များကိုမနားမနေထမ်းဆောင်လျှက်ရှိပါသည်။

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

"မေတ္တာ နိဿာကရောလောကေ၊ သမ္မာ ဘာတု သုစံကရော။
မေတ္တာသီသလ ရုံသီဟိ သုစန္ဒ ဖုသိတာ ပဇာ၊"


*လောကေ...သတ္တဝါအလီလီရှိမှီပေါ်လတ်၊ လောကဓာတ် ကမ္ဘာအတွင်း၌၊ မေတ္တာနိဿာကရော...မေတ္တာအေးလူ ဖွေးဖြူပဝင်း ငွေလမင်းကြီးသည်၊ သမ္မာ ...သတ္တဝါတစ်တွေ အေးမြစေဖို့ အသရေရွှန်းကာ ကောင်းမွန်စွာ၊ သုစံက ရော...သူလည်းဝမ်းသာ ငါလည်းရွှင်ပြုံး နှလုံးစိတ်ဝမ်းလန်းလာ ယခု ချမ်းသာကိုပြုလျှက်၊ ဘာတု...ရန်လည်းကင်းဝေး၊ ဘေးလည်းမခ အအေးရဖို့ ရွှန်းမြ အသရေ ထွန်းပပါစေသတည်း။ မေတ္တာသီတလရုံသီဟိ.. မေတ္တာ ဖွေးလျှပ် အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့ဖြင့်၊ မေတ္တာသီတလရုံသီဟိ..မေတ္တာဖွေးလျှပ်၊ အအေးဓာတ်ဆောင်သည့် အရောင်အဝါတို့သည်၊ ဖုသိတာ..အဖုံဖုံလွှမ်းထုံမွှမ်းမလပ်ထိတွေ့ အပ်ကုန်သော၊ ပဇာ..သင်သူ တော်ကောင်းအပေါင်းတို့သည်၊ ပဇာ... ကမ္ဘာသူကမ္ဘာသား သတ္တဝါအများတို့သည်၊ သုစန္ဒ...ကိုယ်စိတ်အေး ကာ ဘေးရန်ကွာ၍ ဝမ်းသာတကွ ချမ်းသာကြပါစေကုန်သတည်း...။*


(သာဓု၊ သာဓု၊ သာဓုပါဘုရား။)




ဆရာတော်ဘုရား၏မှတ်တမ်းပုံတော်များ


ပုံတော်များ(၁)






ဆရာတော်ဘုရား၏မှတ်တမ်းပုံတော်များ







ပုံတော်များ(၃)



ဆရာတော်ဘုရား၏မှတ်တမ်းပုံတော်များ

ပုံတော်များ(၄)

*တရားလိုလားကြတဲ့ သူတော်ကောင်းများအတွက် ဥဒကူပမာသုတ္တန်တဲ့။ အင်္ဂုတ္တိုရ်ပါဠိတော်၊ အနုသယဝဂ်၊ မှာလာတဲ့ ရွှေဥပမာတရားတော်...။*

အင်္ဂုတ္တိုရ်ပါဠိတော်၊ အနုသယဝဂ်၊ ဥဒကူပမာသုတ်
(ပါဠိတော် မြန်မာပြန်)

ရဟန်းတို့လောက၌ ရေဥပမာရှိကုန်သော ဤပုဂ္ဂိုလ်ခုနှစ်မျိုးတို့သည် ထင်ရှားရှိကုန်၏။
အဘယ်ခုနှစ်မျိုးတို့နည်းဟူမူ..

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် တစ်ကြိမ်နစ်မြုပ်သော် နစ်မြုပ်တော့သည်သာဖြစ်၏။

ရဟန်းတို့ ဤလောက၌အချို့သောပုဂ္ဂိုလ်သည်ပေါ်ပြီး၍ နစ်မြုပ်ပြန်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီး လျှင် တည်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီး လျှင် ကြည့်ရှု၏။ ထိုမှ ဤမှ ကြည့်ရှု၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ကူး၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ထောက်တည်ရာသို့ရောက်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ကူးမြောက်၏။ ကမ်းတစ်ဖက်သို့ ရောက်၏။ (နိဗ္ဗာန်တည်းဟူသော) ကြည်းကုန်းထက်၌ တည်၏။ မကောင်းမှုကို အပပြုပြီး ဖြစ်၏။

ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် တစ်ကြိမ်နစ်မြုပ်လျှင် နစ်မြုပ်တော့သည်သာ ဖြစ်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် စင်စစ်မည်းညစ်ကုန်သော အကုသိုလ်တရားတို့နှင့် ပြည့်စုံ၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် တစ်ကြိမ်နစ်မြုပ်လျှင် နစ်မြုပ်တော့သည်သာ ဖြစ်၏။

(၁)ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် နစ်မြုပ်ပြန်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည်

ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏။ ဟိရီသည် ကောင်းမြတ်၏။ ပ။ဩတ္တပ္ပသည်ကောင်းမြတ်၏။ ဝီရိယသည်ကောင်းမြတ်၏၊ ကုသိုလ်တရားတို့၌ပညာသည်ကောင်းမြတ်၏ဟုပေါ်လာ၏။ ထိုပုဂ္ဂိုလ်၏ ထိုသဒ္ဓါတရားသည် မတည်၊ မတိုးပွား၊ ဆုတ်ယုတ်သည် သာလျှင်တည်း။

ထိုပုဂ္ဂိုလ်၏ထိုဟိရီသည်။ပ။ ထိုပုဂ္ဂိုလ်၏ထိုဩတ္တပ္ပသည်။ ပ။ ထိုပုဂ္ဂိုလ်၏ ထိုဝီရိယသည်။ပ။ ထိုပုဂ္ဂိုလ်၏ ထိုပညာသည် မတည်၊ မတိုးပွါး၊ ဆုတ်ယုတ် သည် သာလျှင်တည်း။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ နစ်မြုပ်ပြန်၏။

(၂)ရဟန်းတို့အဘယ်သို့လျှင်ပုဂ္ဂိုလ်သည်ပေါ်ပြီးလျှင်တည်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။ဟိရီသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ ဝီရိယသည် ကောင်းမြတ်၏။ပ။ ကုသိုလ်တရားတို့၌ပညာသည်ကောင်းမြတ်၏ဟု ပေါ်လာ၏။ ထိုပုဂ္ဂိုလ်၏ ထိုသဒ္ဓါ တရားသည်မဆုတ်ယုတ်၊ မတိုးပွါး၊ တည်၏။ ထိုပုဂ္ဂိုလ်၏ ထိုဟိရီသည်။ပ။ ထိုပုဂ္ဂိုလ် ၏ ထိုဩတ္တပ္ပ။ပ။ ထိုပုဂ္ဂိုလ်၏ ထိုဝီရိယသည်။ ပ။ ထိုပုဂ္ဂိုလ်၏ ထိုပညာသည် မဆုတ် ယုတ်။ မတိုးပွါး၊ တည်မြဲတိုင်း တည်တံ့၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် တည်၏။





(၃) ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် တည်၏။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။ ကောင်းမြတ်၏ဟု ပေါ်လာ၏။ ထိုပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် "အနှောင်အဖွဲ့" တို့၏ အကြွင်းမဲ့ကုန်ခြင်းကြောင့် အပါယ်သို့ကျခြင်း သဘောမရှိသော ကိန်းသေမြဲသော အထက်မဂ်သုံးပါးလျှင် လားရာရှိသော သောတာပန်ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကြည့်ရှု၏။ ထိုမှဤမှ ကြည့် ရှု၏။

(၄) ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးသနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။

ဟိရီသည် ကောင်းမြတ်၏။ ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ ပ။ ဝီရိယသည် ကောင်းမြတ်၏။ ပ။ ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ ဟု ပေါ်လာ၏။

ထိုပုဂ္ဂိုလ်သည် သုံးပါးသော သံယောဇဉ် "အနှောင်အဖွဲ့" တို့၏ အကြွင်းမဲ့ကုန် ခြင်းတို့ကြောင့် ရာဂ ဒေါသ မောဟတို့ ခေါင်းပါးသည်၏အဖြစ်ကြောင့် တစ်ကြိမ်သာလျှင် ကာမဘုံသို့ လာ၍ ဝဋ်ဒုက္ခ၏ အဆုံးကိုပြုကာ သကဒါဂါမ် ဖြစ်၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူး၏။

(၅)ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီးလျှင် ထောက်တည်ရာသို့ရောက်သနည်း။

ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။ ဟိရီသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ ဝီရိယသည် ကောင်းမြတ်၏။ပ။
ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ ဟု ပေါ်လာ၏။ ထိုပုဂ္ဂိုလ် သည် အောက်ပိုင်းသံယောဇဉ် "အနှောင်အဖွဲ့" ငါးပါးတို့၏ အကြွင်းမဲ့ကုန် ခြင်းကြောင့် ဗြဟ္မာဘုံ၌ ဥပပတ် ပဋိသန္ဓေနေ၍ ထိုဘုံ၌သာလျှင် ပရိနိဗ္ဗာန် ပြုမည့် ထိုဘုံမှ ပြန်လည်ခြင်း သဘောမရှိသူ အနာဂါမ်ဖြစ်၏။
ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ထောက်တည် ရာသို့ရောက်၏။

(၆)ရဟန်းတို့ အဘယ်သို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်သူ ကမ်းတစ်ဖက်သို့ရောက်သူ (နိဗ္ဗာန်တည်းဟူသော) ကြည်းကုန်းထက်၌ တည်၍ မကောင်းမှုကို အပပြုပြီးသူဖြစ်သနည်း။
ရဟန်းတို့ ဤလောက၌ အချို့သော ပုဂ္ဂိုလ်သည် ကုသိုလ်တရားတို့၌ သဒ္ဓါတရားသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။





ဟိရီသည် ကောင်းမြတ်၏။ပ။ ဩတ္တပ္ပသည် ကောင်းမြတ်၏။ပ။ ဝီရိယသည် ကောင်းမြတ်၏။ပ။ ကုသိုလ်တရားတို့၌ ပညာသည် ကောင်းမြတ်၏ဟု ပေါ်လာ၏။ ထိုပုဂ္ဂိုလ်သည် အာသဝေါတရားတို့၏ ကုန်ခြင်းကြောင့် အာသဝေါ တရားကင်းသော လွတ်မြောက်သော ကိုယ်တိုင်မျက်မှောက်ပြုလျက် ရောက်၍နေ၏။

ရဟန်းတို့ ဤသို့လျှင် ပုဂ္ဂိုလ်သည် ပေါ်ပြီး၍ ကူးမြောက်သူ ကမ်းတစ်ဖက်သို့ရောက်သူ နိဗ္ဗာန်တည်းဟူသော ကြည်းကုန်းထက်၌တည်သူ မကောင်းမှု ကို အပပြုပြီးသူဖြစ်၏။

(၇) ရဟန်းတို့လောက၌ ရေဥပမာရှိကုန်သော ဤပုဂ္ဂိုလ်ခုနစ်မျိုးတို့သည် ထင်ရှားရှိကုန်၏ဟု (မိန့်တော်မူ၏)။

## မြစ်စိမ်းတောင်ဆရာတော်ဘုရားကြီး
## ဟောကြားတော်မူသော
# “ရှေ့ဥပမာတရားတော်”

ရှေ့ဥပမာထားပြီးတော့ပုဂ္ဂိုလ်ခွဲခြားပြမယ်ပုဂ္ဂလဘေဒ ပေါ့လေ။ ဟိုမြစ်ကြီးထဲမှာ ယောဂီတို့အာရုံပြုကြည့်ပေါ့။ မြစ်ထဲမှာလူခုနစ်ယောက် မျောပါလာကြတယ်။

ဟိုအထက်ဘက်မှာ မိုးတွေကရွာ၊တောင်ကျချောင်း ရေတွေနဲ့ပေါ့၊ ဒိုက်ဖက်တွေ၊ ချုံနွယ်ပိတ်ပေါင်းတွေ၊အကာလ မိုးကြီးဆိုတော့ ညအခါပေါ့လေ၊ မှောင်မဲနေတဲ့အချိန်။ အဲလို မှောင်မဲနေတဲ့အချိန်မှာ အဲဒီပုဂ္ဂိုလ် ခုနစ်ယောက်ဟာ ဟိုမြစ် ဖျားကနေ စပြီးတော့မျောကြတယ်၊

ရေစီးကလည်း အင်မတန်သန်၊ မြစ်ကလည်းကျယ်၊ နက်ကလည်းနက်။

မျောမျောချင်းပဲ ပထမ ပုဂ္ဂိုလ် မြုပ်သွားတယ်။

စာမျက်နှာ၁၁၅၊




မြုပ်မျောပေါ့။ ပထမပုဂ္ဂိုလ်က ဘယ်လိုပါလိမ့်။

*(မြုပ်မျောပါ ဘုရား..)*

ရောက်ရောက်ချင်းသူကရေထဲရောက်တယ်ဆိုရင်ပဲ ကျောက်ခဲ ချလိုက်သလိုပဲ။ ခဏပဲ ရေထဲမရောက်ခင်လေးပဲ ရေထဲမှာ နည်းနည်း ယက်ကန်ယက်ကန် လုပ်ပြီး မြုပ်သွားတယ်။

နောက်တစ်ယောက်ကတော့ သူက ချက်ချင်းတော့ မမြုပ်ပါဘူးတဲ့။ ပေါ်တော့ပေါ်နေတယ်။ ဒါပေမယ့်အဲဒီပုဂ္ဂိုလ် လည်းမြုပ်တော့မယ် သူလည်းပဲဘာမှ ကူးလည်းမကူးတတ် ဘူး။ ဘာမှလည်း ကိုင်စရာ တွယ်စရာလည်း ဘာမှ မတွေ့ဘူး။ အဲဒီတော့ အဲဒီပုဂ္ဂိုလ်လည်းပဲ ကျိန်းသေမြုပ်မယ့်ပုဂ္ဂိုလ်တဲ့။ ပထမပုဂ္ဂိုလ်ကတော့မြုပ်သွားပြီ ဒုတိယပုဂ္ဂိုလ် ကကျိန်းသေ မြုပ်မယ့်ပုဂ္ဂိုလ်။

နောက်တစ်ခါ တတိယ ပုဂ္ဂိုလ်ကိုသွားရအောင်။ တတိယပုဂ္ဂိုလ်က ဘယ်လိုလဲဆိုတော့ ပေါ်တော့ ပေါ်နေ တယ်တဲ့ သူက။ အဲ သူလည်း မြုပ်တော့ မြုပ်မှာပဲ။ သူက ချက်ချင်းမမြုပ်သေးဘူး။ သူက တော်တော်လေး ကြာအောင် မျောအုံးမယ်။ ဘာဖြစ်လို့လဲဆို သူကဒိုက်ဖက်တွေ၊ ဝါးတွေ၊ တုံးတွေ အဲဒါတွေကို ဖက်တွယ်ထားတဲ့အတွက်ကြောင့် ဒုတိယ ပုဂ္ဂိုလ်လို မြန်မြန် မမြုပ်ဘူးပေါ့။ သူက တော်တော် လေး သွားရအုံးမယ်။ သူက အဲဒီ ဒိုက်ဖတ်တွေ၊ တုံးတွေပေါ်မှာ ဖက်ပြီးတော့ သူကစီးသွားတယ်။ ရေကလည်း ရေစီးက သန်

ညကြီးလည်း ဖြစ်နေတော့ မှောင်မည်းနေတယ်။သူကတော့ အဲဒီပေါ်မှာပျော်နေတာပဲ သီချင်းလေး ဘာလေးဆိုပြီးတော့ မျောပါသွားတယ်။

ပထမပုဂ္ဂိုလ်က တမ်းပြီးတော့ မြုပ်တယ်။ ဒုတိယ ပုဂ္ဂိုလ်က ယက်ကန်ယက်ကန်နဲ့ ဘာမှ တိုင်တွေ ဘာတွေ ဝါးတွေ မတွေ့တဲ့အခါကျတော့အခုတော့ ခဏမျောနေတယ်။ တော်ကြာမြုပ်တော့မယ်။ သူကလည်း ကျိန်းသေမြုပ်မယ့် ပုဂ္ဂိုလ်ပဲ။ သူကြည့်ရတာ မြုပ်ကိုမြုပ်တော့မယ် ဘယ်လိုမှကို သူ့ဘေးနားမှာ ဝါးတွေတိုင်တွေ ဘာမှမရှိဘူး။ ရေစီးကလည်း သန်တယ်၊ ရေကလည်းနက်တယ်။ သူကလည်း မကူးတတ်ဘူး ဆိုတော့ ယောဂီတို့သူကလည်း မြုပ်ဖို့ရာတော့ မကျိန်းသေ ဘူးလား။

*(ကျိန်းသေပါတယ် ဘုရား...)*

မြုပ်မယ့်ပုဂ္ဂိုလ်တဲ့ ဒုတိယ။

တတိယပုဂ္ဂိုလ်။

တတိယပုဂ္ဂိုလ် သူကမြုပ်တော့ မမြုပ်သေးဘူး။ ဒိုက်ဖတ်တွေ၊ ဝါးတွေ၊ ဖောင်တွေပေါ်မှာ တက်စီးပြီးတော့ သူက သီချင်းတွေ ဘာတွေ ဆိုပြီးတော့ သူက မျောနေတယ်၊ ဒါ တတိယပုဂ္ဂိုလ်။

စတုတ္ထပုဂ္ဂိုလ်က သူက တိုင်တွေ၊တုံးတွေအကုန်လုံး

ဖောင်ဖွဲ့ပြီးတော့ အဲဒီပေါ်မှာတက်နေတယ်။ ဒါပေမယ့် သူက အေးအေးဆေးဆေးမနေဘူး။ ခုနတုန်းက ပုဂ္ဂိုလ်ကတော့ သူက အဲဒီပေါ်မှာ အိပ်ပြီးတော့ လိုက်သွားတယ်။

စတုတ္ထပုဂ္ဂိုလ်ကတော့ အဲဒီလိုမဟုတ်ဘူး။ အေးအေးဆေးဆေးမနေနိုင်ဘူး၊ ဉာဏ်အမျှော်အမြင်ရှိတယ်။ အခုစီးနေတာက မြစ်ထဲမှာ၊ယောဂီတို့မြစ်ဟာ စီးသွားရင်နောက်ဘယ်ရောက်မလဲ။

*(ပင်လယ်ထဲရောက်မှာပါ ဘုရား . .)*

အဲဒါနဲ့ယောဂီတို့သူက အမြော်အမြင်ရှိတယ်၊ အမြော်အမြင်ရှိတဲ့အခါကျတော့ ဒီမြစ်ဟာ ကြာလို့ရှိရင် ပင်လယ်ထဲရောက်မယ်၊ မှောင်မည်းနေပေမယ့် သူက ပညာရှိတဲ့ ပုဂ္ဂိုလ်များ တွေးကြည့်ရင် မြေးကြည့်တာထက်မှန်တယ်၊ ဒီအတိုင်းမျောသွားရင် ပင်လယ်ထဲရောက်မယ်၊ ပင်လယ်ထဲရောက်ရင် ယောဂီတို့ ကမ်းမမြင်၊ လမ်းမမြင်ဆိုတော့ အဲဒီကျမှ ကူးရင် ရပါ့မလား၊

*(မရပါဘူးဘုရား . .)*

အဲဒီကျရင်တော့ ကျိန်းသေကို မြုပ်တော့မှာပဲ၊ အခုချိန်ဟာ အရေးကြီးတယ်။ သူက အမြော်အမြင်ရှိတဲ့ပုဂ္ဂိုလ်က၊ အခုချိန်က အရေးကြီးတယ်၊ အခုက ကမ်းကို လှမ်းကူးရင် ရသေးတယ်၊ မြစ်ဆိုတော့ ဒါ ပင်လယ်လောက်မှ ကျယ်မှ မကျယ်ပဲ၊ ဒါလက်ပစ်ကူးသွားရင် ရနိုင်သေးတယ်၊ တုံးလေး

တိုင်လေး ဘေးနားမှာ ညှပ်ပြီးတော့ ကူးသွားရင် ရနိုင်တယ်။ ဘေးနားမှာ ချုံနွယ်ပိတ်ပေါင်းတွေက များနေတဲ့ အခါကျ တော့ ချုံနွယ်ပိတ်ပေါင်း တွေကိုလည်းပဲတုတ်တွေဘာတွေနဲ့ ရှင်းရသေးတယ်၊ ညကြီးမှောင်မှောင်ကြီး ဆိုတော့ကြည့်ချင် တိုင်းလည်း ကြည့်လို့ မရဘူး၊ လျှပ်စီးလက်လိုက်တဲ့ အခါမှ လှမ်းကြည့်ရတယ်၊ ဘယ်လောက်ကြိုးစားရသလဲဆိုတာဟုတ် လား၊ မှောင်မည်းနေတော့ ခါတ်မီးတွေ ဘာတွေလည်း ဘယ်ပါမ လဲ၊ မပါတဲ့ အခါကျတော့ မှောင်မည်းနေတာ့ မမြုပ်အောင်လည်း ကြိုးစားရသေးတယ်၊ဒိုက်ဖက်တွေ၊တုံးတွေ၊ဖောင်တွေပေါ်မှာမြွေ တွေ၊ကင်းတွေပါတတ်သေးတယ်၊အဲဒီအန္တရာယ်တွေလည်းပဲ ရှောင်ရ၊ တိမ်းရသေးတယ်။ နောက်တခါ ကမ်းကိုလည်း လျှပ်စီးလက်တဲ့ အခါ ကြည့်ရသေးတယ်၊ ကမ်းကြည့်တော့မှ ကိုယ်က မြစ်လယ်ခေါင်မှာ၊ ကိုယ်က ဘယ်ဘက်နဲ့ နီးသလဲ၊ ဘယ်ဘက်နဲ့ နီးသလား၊ ညာဘက်နဲ့ နီးသလား၊နီးတဲ့ ဘက် ကူးရင်မြန်မြန်ရောက်မှာပေါ့၊ကိုယ်က ဥပမာ ဘယ်ဘက်ကို နီးနေပြီးတော့ညာဘက်ဖြတ်ကူးတယ်ဆိုတော့အဲ့ဒါအဝေးကြီး ကူးရမှာ၊ဟုတ်တယ်မဟုတ်လား၊ကိုယ်နီးတဲ့ဘက်ကို ကိုယ်ကူး နိုင်အောင်လည်း ဘယ်ဘက်နဲ့ နီးသလဲ၊ ငါနဲ့ ကမ်းနဲ့ ဘယ် ဘက်နဲ့နီးသလဲ၊ အဲဒါကလည်း လျှပ်စီးလက်တဲ့အခါပဲကြည့် ခွင့်ရတာနော်၊ အဲဒီလို ကမ်းကို ရှာဖွေပြီးတော့ ကူးနေတဲ့ပုဂ္ဂိုလ်၊ သူက မျောတာတော့ မဟုတ်ဘူး ကမ်းကို ရှာဖွေနေတာ၊

ခုနတုန်းကတော့ ဒိုက်ဖတ်တွေပေါ် တက်စီးသွားတဲ့ပုဂ္ဂိုလ်ကတော့ မျောနေတဲ့ပုဂ္ဂိုလ်ပေါ့ဗျာ၊ ဒါကကမ်းရှာနေတဲ့ ပုဂ္ဂိုလ်တဲ့ နံပါတ်(၄) က နှစ်ပိုင်းရှိတယ်၊ ကမ်းရှာနေတဲ့အပိုင်းရယ်၊ နောက်တခါ ကမ်းကို မြင်သွားတဲ့ အပိုင်းရယ်၊ ဘယ်နှစ်ပိုင်းပါလိမ့်။

*(နှစ်ပိုင်းပါဘုရား..)*

ကမ်းရှာနေတယ်၊ပင်ပင်ပန်းပန်းရှာရတယ်၊ မမြုပ်အောင်လည်းကြိုးစားရသေးတယ်၊ ရေလယ်ခေါင်မှာကို၊ မမြုပ်အောင်လည်း ကြိုးစားရသေးတယ်၊ မြွေတွေ၊ ကင်းတွေကိုလည်းပဲ ကြည့်ရသေးတယ်၊ အဲဒါတွေလည်းပဲ ရှောင်ရသေးတယ်၊ ဟာဘေးနားမှာလည်း ချုံနွယ်ပိတ် ပေါင်းတွေကလည်းပဲ လူတစ်ရပ်လောက်ရှိတယ် အများကြီးပဲ။ ဟိုတောင်ကျချောင်းရေက အကုန်တိုက်ချလာတာ၊ အဲဒါတွေကိုလည်းဘဲ ရှင်းလင်းဖယ်ပြီးတော့ သုတ်သင်ရှင်းလင်း၊ ကမ်းကိုလည်းဘဲ ကြည့်ရသေးတယ်၊ ဟိုဘက်ကြည့်ရ ဒီဘက်ကြည့်ရ၊ ကြည့်ချင်တဲ့အချိန် လည်းကြည့်လို့မရဘူး၊ လှုပ်စီးလက်တဲ့အခါလေးကြည့်ရတာ၊ အဲဒီလိုကြိုးစားပွားများရင်းနဲ့ သူကမျောပါသွားတယ်၊ ကမ်းကိုကြည့်ပါများတော့ နောက်ကျတော့ သူဘေးနားက ပေါင်းပင်တွေ ဘာတွေညာတွေ ဖယ်ရှင်းပြီးတော့ ကြိုးစားပန်းစားနဲ့ကြည့်တော့ နောက်ကျတော့ လှုပ်စီးလက်လိုက်တော့ ကမ်းကိုမြင်သွားတယ်၊ နံပါတ်(၄) ပုဂ္ဂိုလ်

ပြောနေတာနော်၊ သြော် ညာဘက်မှာ သို့မဟုတ် ဘယ်ဘက်မှာ ကမ်းမြင်သွားပြီ သူတော်ကောင်းတို့၊ အဲဒါကမ်းမြင်သွားတဲ့ ပုဂ္ဂိုလ်ပေါ့ဗျာ . .နံပါတ်(၄)က။

နံပါတ်(၅) က ကမ်းဆီကူးသွားပြီတဲ့၊ကမ်းမြင်သွားပြီဆိုတော့ ကမ်းဆီကူးပြီပေါ့၊ ကမ်းဆီ ကူးသွားပြီတဲ့၊ နံပါတ် ဘယ်လောက်ရောက်သွားပြီလည်း၊

*(နံပါတ်(၅)ပါဘုရား ...)*

အဲနံပါတ်(၆)ကျတော့ ကမ်းနားကို ရောက်သွားပြီ၊ ထောက်ရာတည်ရာ ရသွားပြီ၊ မတ်တပ်ရပ်လို့ ရသွားပြီ၊ ခုန မြစ်လယ်ခေါင်မှာတုန်းက ဘယ်ရပ်လို့ရမလဲ၊ အခုကတော့ ထောက်ရာတည်ရာ ရသွားတော့ မတ်တပ်ရပ် လို့ ရသွားပြီတဲ့။

ဟော နံပါတ်(၇) ပုဂ္ဂိုလ်ကျတော့ ကမ်းပေါ်ကို တက်ဖို့ပဲကျန်တော့တယ်၊ရေတဖြည်းဖြည်းနဲ့ တစ်မိုက်လောက် တစ်ထွာလောက်ပဲ ရှိတော့တယ် ရောက်သွားပြီ၊ ကမ်းပေါ် တော့ မရောက်သေးဘူးပေါ့ဗျာ၊ ကမ်းပေါ်ကို တက်ဖို့ပဲ ကျန် တော့တယ်၊ခုနတုန်းက ပုဂ္ဂိုလ်ကတော့ ဒူးခေါင်းလောက်၊ ခါးလောက်ရှိသွားပြီပေါ့။ ထောက်ရာ၊ တည်ရာ၊ ရပ်ရာ ရသွားပြီ၊နံပါတ်(၆)က။

နံပါတ်(၇)ကကမ်းပေါ်တက်ဖို့ပဲကျန်တော့တယ်၊ နောက်တစ်လှမ်းလှမ်းလိုက်ရင်ကမ်းပေါ်ရောက်ပြီပေါ့ဗျာ၊အဲလူ

ဘယ်နှစ်ယောက်လဲ၊

*(၇)ယောက်ပါဘုရား . . .*

အဲ..ဒီလောကကြီးထဲမှာလည်း (၃၁)ဘုံကျင်လည်နေကြတဲ့ သတ္တဝါတွေကိုလည်း ပုဂ္ဂိုလ်အားဖြင့်ခွဲလိုက်မယ်ဆိုရင် (၇)မျိုးရှိတယ်။

နံပါတ်(၁) ပုဂ္ဂိုလ်က တန်းမြုပ်တာပဲ သူက ဟိုကရေတွေ တိုက်ချလာလိုက်၊ ရေထဲမျောပါလာတယ်ဆို နည်းနည်းတောင် မမျောနိုင်ဘူး တန်းမြုပ်တော့တာဘဲ။

အဲဒီပုဂ္ဂိုလ်ကဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုတော့ နိယတမိစ္ဆာဒိဋ္ဌိ(၃)ပါး၊ အယူမှားတဲ့ မိစ္ဆာဒိဋ္ဌိပုဂ္ဂိုလ်တွေ။ နိယတမိစ္ဆာဒိဋ္ဌိဆိုတာ အဟေတုကဒိဋ္ဌိ၊ နတ္ထိကဒိဋ္ဌိ၊ အကြိယဒိဋ္ဌိ။ အဟေတုကဒိဋ္ဌိ အကြောင်းကိုပယ်တယ်၊ နတ္ထိကဒိဋ္ဌိ အကျိုးကိုပယ်တယ်၊ အကြိယဒိဋ္ဌိ အလုပ်ကိုပယ်တယ်။ ကံကိုပယ်တာက အဟေတုကဒိဋ္ဌိ၊ ကုသိုလ်၊ အကုသိုလ် မယုံဘူးဟေ့၊အဲဒါကို ပယ်တာ။ နောက်တခါ အကျိုးကို ပယ်တယ်။ နတ္ထိဒိဋ္ဌိ အကုသိုလ်က ဆိုးကျိုးပေးတယ်၊ ကုသိုလ်က ကောင်းကျိုးကိုပေးတယ် မယုံဘူး အဲဒါတွေ လက်မခံဘူး အဲဒါက နတ္ထိကဒိဋ္ဌိ။အကြိယဒိဋ္ဌိက အကုသိုလ် ရှောင်စရာမလိုဘူး၊ ကုသိုလ်လုပ်စရာမလိုဘူး၊ ကိုယ်ပျော်သလိုပဲနေ။ အဲဒါ အကြိယဒိဋ္ဌိ။ တစ်ခုပါရင် အကုန်ပါတာဘဲ။ အကြောင်းပယ်ရင်လည်း အကျိုးပယ်ရာ မရောက်ဘူးလား။

အကျိုးပယ်ရင်လည်း အကြောင်းပယ်ရာ မရောက်ဘူးလား။ အဲဒီလိုအကြောင်းတွေအကျိုးတွေကို ပယ်တဲ့အယူမှားကြီးဟာ "နိယတမိစ္ဆာဒိဋ္ဌိ"လို့ခေါ်ပါတယ်။ "နိယတ" ဆိုတာမြဲတာပေါ့ဗျာ၊ "မိစ္ဆာ"ဆိုတာ မှားတာ၊ "ဒိဋ္ဌိ"ဆိုတာအယူ၊ မြဲတဲ့အယူမှားကြီးတဲ့သူတော်ကောင်းတို့။

ဘာမြဲတာလဲဆို သေရင် အဝီစိကျဖို့ မြဲတယ်တဲ့ အဲဒါကြောင့်မို့လို့မြဲတဲ့အယူမှားတဲ့။ အကုသိုလ်ထဲမှာအပြစ်ကြီးဆုံးပဲ။ အကုသိုလ်ထဲမှာ သူများအသက် သတ်တာ၊ သူများပစ္စည်းခိုးတာ စသည်အားဖြင့် အ ကုသိုလ်တွေမရှိဘူးလား။ အေး... အဲဒီအကုသိုလ်ထဲမှာအပြစ်အကြီးဆုံးပဲ။ ဒုတိယအပြစ်ကြီးဆုံးကပဉ္စာနန္တရိယကံ၊အဖေသတ်တာ၊ အမေသတ်တာ၊ရဟန္တာသတ်တာ၊နောက်တခါဘုရားကို သွေးစိမ်းတည်အောင် လုပ်တာ၊ သံဃာသင်းခွဲတာ ပဉ္စာနန္တရိယကံ။ အဲပဉ္စာနန္တရိယကံလည်းပဲ သေလို့ရှိရင်အဝီစိပဲ။

နိယတမိစ္ဆာဒိဋ္ဌိ (၃)ပါးသမားကလည်း အဝီစိပဲ။ ဒါပေမယ့်မတူဘူး။ နိယတမိစ္ဆာဒိဋ္ဌိ (၃)ပါးက ပိုပြီး အပြစ်ကြီးတယ်။ ဒီဘဝမှာ နိယတမိစ္ဆာဒိဋ္ဌိ အယူမှားပြီး သေသွားလို့မြုပ်သွားလို့ရှိရင် ဒီကမ္ဘာမီးလောင်၊ မီးမလောင်တဲ့ကမ္ဘာပြောင်းပြီးတော့ ငရဲခံရတယ်။

သူတော်ကောင်းတို့အင်မတန် ကြောက်ဖို့ မကောင်းဘူးလား။

*(ကောင်းပါတယ်ဘုရား...)*

အဲဒီနိယတမိစ္ဆာဒိဋ္ဌိ ဘယ်က ဆင်းသက်လာသလဲ ဆိုတော့ "သက္ကာယဒိဋ္ဌိ"က ဆင်းသက်လာတယ်တဲ့။ နိယတမိစ္ဆာဒိဋ္ဌိ အင်မတန်မှပဲ ကြောက်စရာကောင်းတဲ့ အယူမှားကြီး သေရင် အဝိစိရောက်မယ့်အယူမှားကြီးဟာဘယ်က ဆင်းသက်လာလဲဆိုတော့ ဟို "သက္ကာယဒိဋ္ဌိ"က။

ယောဂီတို့ ခဏခဏ တရားနာနေတယ်။ မေးကြည့်ရအောင်။ "သက္ကာယ" ဆိုတာ ဘာပါလိမ့်၊

*(ခန္ဓာငါးပါးပါဘုရား...)*

ဒိဋ္ဌိဆိုတာက ငါဘဲ၊ သူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲလို့ ယူတာ၊ အေး ခန္ဓာငါးပါးကို ငါဘဲ၊ သူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲလို့ ယူတာ။ အဲတော့ သက္ကာယနဲ့ ဒိဋ္ဌိပေါင်းတော့ ၊

*("သက္ကာယဒိဋ္ဌိ" ပါဘုရား...)*

"သန္တော ကာယော သက္ကယော"အထင်အရှားရှိတဲ့ ရုပ်နာမ်တွေကို "သက္ကာယ"လို့ခေါ်တယ်။ ခန္ဓာငါးပါးက သက္ကာယဘဲ။ "သက္ကာယေ ပဝတ္တာတိ သက္ကာယဒိဋ္ဌိ"အဲ..ခန္ဓာငါးပါး၌ အယူမှားတာ သက္ကာယဒိဋ္ဌိ ဘဲ။ ငါဘဲ၊ သူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲလို့ ထင်နေကြတယ်။ သူ့နယ်နဲ့သူတော့ ကန့်သတ်ထားပေါ့။ ပညတ်နယ်ကတော့ ငါ၊ သူတပါး၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ရှိပါတယ်၊ သမုတိသစ္စာနယ်က။ အခုပြောတာက ပရမတ္ထသစ္စာနယ်မှာ ဝိပဿနာနယ်မှာ ငါ၊ သူ၊ ယောကျ်ား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ

မရှိဘူး။ သူတော်ကောင်းတို့ ဘာနဲ့ဘာပဲ ရှိပါလိမ့်။

*(ရုပ်နဲ့နာမ်ဘဲ ရှိပါတယ်ဘုရား...)*

အဲဒီ ရုပ်နဲ့နာမ်ကို မမြင်ပဲနဲ့သူတို့မြင်တာ ငါဘဲ၊ သူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲ မြင်တယ်၊ သက္ကာယဒိဋ္ဌိ အားကြီးတဲ့ ပုဂ္ဂိုလ်များ။ ငါရှိလာတော့ နောက်က ငါ့ဥစ္စာ ဆိုတာ လိုက်လာတယ်။ ငါဘဲ၊ သူဘဲ၊ ယောကျ်ားဘဲ၊ မိန်းမဘဲ ထင်တော့ ငါ့သားဘဲ၊ ငါ့သမီးဘဲ၊ ငါ့ဇနီးဘဲ၊ ငါ့ခင်ပွန်းဘဲ တခါတည်းကိုဘဲ စွဲစွဲလန်းလန်းကြီး ဖြစ်မလာဘူးလား။

*(ဖြစ်လာပါတယ် ဘုရား...)*

ခုနတုန်းက "သက္ကာယဒိဋ္ဌိ"ကို အတ္တဒိဋ္ဌိ လို့လည်း ပြောလို့ရတယ်။အတ္တသက္ကာယဒိဋ္ဌိကို အတ္တသဘောပြောလို့ရတယ်။ ခုနတဏှာကျတော့ "အတ္တနိယ" အတ္တရှိလို့ အတ္တနိယ ဖြစ်တာ။ သက္ကာယဒိဋ္ဌိရှိတဲ့ အတွက်ကြောင့်မို့လို့ တဏှာဖြစ်ရတယ်။ ငါရှိလို ့ ငါ့ဥစ္စာ၊ ငါ့သား၊ ငါ့သမီး၊ ငါ့ဇနီးဆိုတာ သိမ်းပိုက်တဲ့သဘော၊ ပိုင်ဆိုင်တဲ့သဘော ဒီလိုဖြစ်လာတယ်။ အဲဒီလို သိမ်းပိုက်တဲ့အတွက်ကြောင့်မို့လို့ တဏှာ အသေးစား ကနေတဏှာအကြီးစားဖြစ်လာတယ်။အတ္တ၊အတ္တနိယကြောင့် ဒိဋ္ဌိတဏှာကြောင့်မာနလည်း လာတာဘဲ။ တဏှာ၊မာန၊ဒိဋ္ဌိ အဲဒါ ပပဉ္စတရားသုံးပါး။ သံသရာ ချဲ့ထွင်တတ်တဲ့တရား။ အဲဒါကိုပဲ အများသိအောင် ပြောမယ်ဆိုရင် လောဘ၊ ဒေါသ၊ မောဟပေါ့ဗျာ။ တဏှာက လောဘပေါ့၊ မာနက ဒေါသပေါ့၊





ဒိဋ္ဌိက မောဟပေါ့၊ လောဘ၊ ဒေါသ၊ မောဟတရား(၃)ပါး။ အဲဒီ လောဘ၊ ဒေါသ၊ မောဟတွေ အားကြီးလာတော့ ခုနက အဝီစိကို ကျိန်းသေကျမယ့် အယူမှားကြီးဖြစ်ရတယ်။

ကုသိုလ်၊ အကုသိုလ် မယုံဘူးဟေ့။အကုသိုလ်တွေ လုပ်နေတဲ့သူတွေ သူဌေးတွေဖြစ်နေတာဘဲ မယုံဘူး။ ဟာ ကုသိုလ်ကောင်းမှုတွေ လုပ်နေတဲ့ပုဂ္ဂိုလ်တွေ ဆင်းရဲနေတာ အများကြီးဘဲ။ ဟာကုသိုလ်က ကောင်းကျိုးပေးတယ်ဆိုတာ မဟုတ်ပါဘူး။ အကုသိုလ်က ဆိုးကျိုးပေးတယ်ဆိုတာ မဖြစ်နိုင်ဘူး၊ မယုံဘူးပေါ့ဗျာ။ အဲဒီတော့ ကုသိုလ် အကုသိုလ်ကို ပယ်ရာ မရောက်ဘူးလား။

*(ရောက်ပါတယ် ဘုရား...)*

အဲဒါ ကံကိုပယ်တာ၊ အကြောင်းကိုပယ်တာ။ အကုသိုလ်က ဆိုးကျိုးပေးတယ်၊ ကုသိုလ်က ကောင်းကျိုး ပေးတယ် ဒါလူတိုင်း ယုံတာ မဟုတ်ဘူးနော် သူတော်ကောင်း တို့။ ဗုဒ္ဓဘာသာဖြစ်နေလို့ လူတိုင်းယုံတယ် မအောက်မေ့နဲ့။ လူတိုင်းယုံတာ မဟုတ်ဘူးဗျ။ တချို့ဘုရားသခင်က ဖန်ဆင်း သလိုလို၊ ထာဝရက ဖန်ဆင်းသလိုလို၊ ဟိုတမန်တော်က ဖန်တီးသလိုလို အမျိုးမျိုးဘဲ အယူအဆတွေ မရှိဘူးလား။

*(ရှိပါတယ်ဘုရား . . .)*

အေးအဲဒါတွေဟာ အယူအဆအမှားတွေပေါ့ဗျ။ တကယ့်တကယ် ဖန်တီးတာ ဘယ်သူက ဖန်တီးတာလဲ။

ကံကဖန်တီးတာ။ ကိုယ်ပြုထားတဲ့ ကံက ဖန်တီးတာဘဲ။ အကုသိုလ်ကံက ဆိုးတာကို ဖန်တီးတယ်၊ ကုသိုလ်ကံက ကောင်းတာကို ဖန်တီးတယ်။ ဩော် ကံ ကံရဲ့အကျိုးဟာ လက်တွေ့ဟာ အမှန်။ အဲဒါကို သူတို့က မသိတော့ ဟိုလူက ဖန်ဆင်းသလိုလို ဒီလူက ဖန်ဆင်း သလိုလို အဲဒီလိုတွေ ဖြစ်နေကြတယ်။ အဲဒါ ကံ ကံရဲ့အကျိုးကို ပစ်ပယ်လို့ရှိရင် "အဟေတုက ဒိဋ္ဌိ၊ နတ္ထိက ဒိဋ္ဌိ" အဲဒီလို ဖြစ်သွားနိုင်တယ်။ အကုသိုလ် ရှောင်စရာ မလိုဘူး၊ ကုသိုလ် လုပ်စရာ မလိုဘူး ၊ တဖြည်းဖြည်းနဲ့အယူတွေကပိုမှားလာတယ်နော်။

ဘာဖြစ်လို့ အဲဒီလို အယူမှားလဲဆိုတော့ များသော အားဖြင့် တချို့တချို့အယူဝါဒတွေက ကိုယ်အောင်ရင်ပြီးတာ ဘဲ။ ကိုယ်နိုင်ဖို့ အရေးကြီးတယ်။ ကိုယ်စီးပွားရေးလုပ်ငန်းဘဲ ဖြစ်ဖြစ်၊ ဘာလုပ်ငန်းဖြစ်ဖြစ် ၊ ကိုယ်အောင်မြင်ရင် ပြီးရော၊ ကျန်တဲ့လူ ဘာဖြစ်ဖြစ်၊ ဖြစ်ချင်ရာဖြစ်။ တိုက်ကွက်တစ်ခုလို ဘဲ ဒီလောကကြီး ၊ ဘဝတစ်ခုဟာ၊ ကိုယ်လိုချင်တာရဖို့ အဓိ ကဘဲ။ ကျန်တာ တရားတာတွေ မတရားတာတွေ လာမပြော နဲ့ ၊ ဘာမှလက်မခံဘူး။ ကိုယ်လိုချင်တဲ့ဟာကိုရအောင်လုပ် မယ်။ အဲဒါ "မက္ခလိဂေါသာလဝါဒ" လို့ခေါ်တယ်။ အမြီးကျက် အမြီးစား၊ ခေါင်းကျက် ခေါင်းစား အဲဒီလို ဝါဒဆိုးကြီးတွေပေါ် များ။ အဲဒါ နိယတမိစ္ဆာဒိဋ္ဌိ(၃)ပါးဘဲ။ အကြောင်းကိုပယ်တယ်၊ အကျိုးကိုပယ်တယ်၊ အလုပ်ကိုပယ်တယ်။ အလုပ်ကိုပယ်





တယ်ဆိုတာ အကုသိုလ်ရှောင်စရာမလိုဘူး၊ ကုသိုလ်လုပ်စရာမလိုဘူး။ အဲဒီအယူအဆမှားကြီးနဲ့သေရင် ဘယ်ရောက်မလဲ။ အဝီစိရောက်မယ်၊ အပေါ်ယံမရောက်ဘူး၊ အပေါ်ယံငရဲ၊ တိရစ္ဆာန်မဖြစ်ဘူး။ ဟိုး အဝီစိကို ရောက်မှာ၊ သိဋ္ဌိုးငရဲတို့၊ ကာလသုတ်တို့ အဲဒါမဖြစ်ဘူး။ တိုက်ရိုက်တမ်းပြီးတော့ အနက်ဆုံး အဝီစိကိုကျမှာ။အယူမှားလို့၊ အယူမှားလို့သူတော်ကောင်းတို့။ ကဲအယူမှားတာ ကြောက်ဖို့ မကောင်းဘူးလား။ အေး ပထမဦးဆုံး တမ်းမြုပ်တဲ့ပုဂ္ဂိုလ်ဟာ အဲဒီပုဂ္ဂိုလ်ဘဲ။ အယူအဆမှားတဲ့ ပုဂ္ဂိုလ်ဟာ သေရင်တော့ အဝီစိဘဲ။ ဘာမှ ယတြာချေလို့လဲ မရဘူး၊ ဘာမှလဲလုပ်လို့မရဘူး၊ ဘယ်ကုသိုလ်ကမှလည်း မကယ်နိုင်ဘူး၊သေရင်သွားဘဲ အဲဒါအဝီစိဘဲ ပေါ်မလာဘဲအဲဒါ။

အကုသိုလ်ကို မယုံ၊ ကုသိုလ်ကို မယုံ၊ အကုသိုလ်ဆိုးကျိုးပေးတယ်ဆိုတာမယုံ၊ကုသိုလ် ကောင်းကျိုးပေးတယ်ဆိုတာ မယုံ။ အကုသိုလ် ရှောင်စရာမလိုဘူး၊ ကုသိုလ်လုပ်စရာမလိုဘူး အဲလို ယူတဲ့အယူဟာ ဘာဒိဋ္ဌိပါလိမ့်။ နိယတမိစ္ဆာဒိဋ္ဌိပါဘုရား။ အေး နိယတမိစ္ဆာဒိဋ္ဌိ ယောဂီတို့ အရေးမကြီးဘူးလား။

*(အရေးကြီးပါတယ်ဘုရား . . .)*

တရားနာတာ အဲဒါ အကျိုးအမြတ်ပဲ။ အဲဒီ ဒိဋ္ဌိ ဖြစ်ကို မဖြစ်တော့ဘူး တရားနာတဲ့ပုဂ္ဂိုလ်များလေ။ ဒါတရားအား

ထုတ်တာကို အသာထားအုံး။ တရားနာကတည်းကိုက ဟာ... အကုသိုလ်ဟာ ဆိုးကျိုးပေးတယ်၊ ကုသိုလ်ဟာ ကောင်းကျိုးပေးတယ် ထပ်ခါထပ်ခါ ကြားနာနေရလို့ရှိရင် ခုနလို အယူဆိုးကြီး ဖြစ်ပါတော့မလား။

*(မဖြစ်ပါဘူးဘုရား။)*

အကုသိုလ်၊ ကုသိုလ်ကို ယုံကြည်တယ်။ ယုံကြည်လို့ ကုသိုလ်လုပ်နေကြတာပေါ့။ အဲဒီတော့ အဲလို နိယတမိစ္ဆာဒိဋ္ဌိ(၃)ပါး မဖြစ်နိုင်တော့ဘူး။

အဲဒီလို လောဘ၊ ဒေါသ၊ မောဟ သောင်းကျန်းလို့ရှိရင် အဖေလည်း သတ်နိုင်တယ်၊ အမေလည်း သတ်နိုင်တယ်၊ ရဟန္တာလည်း သတ်နိုင်တယ်။ ရဟန္တာ ဆိုတာ ရဟန္တာလို့အော်ဟစ်နေတာ မဟုတ်ဘူး၊ သူ့ဟာသူနေတာ။ အဲဒီလိုသွားပြီးတော့ ကိုယ်က ဒေါသကြီးလို့ရှိရင် ရဟန္တာသတ်တဲ့အဖြစ် ရောက်မသွားနိုင်ဘူးလား။

*(ရောက်သွားနိုင်ပါတယ်ဘုရား...)*

အဖေလည်းသတ်၊ အမေလည်းသတ်၊ ရဟန္တာလည်းသတ်။ အဲဒီလိုတစ်ခုခုများသတ်မိလို့ရှိရင် ပဉ္စာနန္တရိယကံဘဲ။ မြတ်စွာဘုရားကတော့ မရှိတော့လို့ သွေးစိမ်းတည်အောင် လုပ်လို့မရဘူးပေါ့။ သံဃာ သင်းခွဲတယ်။ အဲဒါလည်း ရတာဘဲ။ သံဃာသင်းခွဲတယ်။ သံဃာတွေ နှစ်ခြမ်းကွဲအောင်လုပ်လို့ရှိရင် အဲဒါ သံဃာသင်းခွဲတဲ့ကံ သံဃဘေဒက





ဘဲ။ သေရင်အဝီစိ ဘဲ။ဘာမှယတြာချေလို့မရဘူး။ ဘာလုပ်လို့မှ မရဘူး။ သေရင် အဝီစိဘဲ။ အဲဒါ သံဃာသင်းခွဲတဲ့ပုဂ္ဂိုလ်တွေကတော့၊ အဖေသတ်တဲ့ ပုဂ္ဂိုလ်၊ အမေသတ်တဲ့ပုဂ္ဂိုလ်၊ နောက်တစ်ခါ ရဟန္တာကို သတ်တဲ့ပုဂ္ဂိုလ်၊ သံဃာသင်းခွဲတဲ့ပုဂ္ဂိုလ်၊ မြတ်စွာဘုရားမရှိတော့လို့ထား၊ မြတ်စွာဘုရားမရှိတဲ့အခါမှာ ရုပ်ပွားတော်တွေကိုလည်း ရှိသေတယ်။တချို့က ရုပ်ပွားတော်တွေကို အရည်ကျိုပစ်တာတို့၊ လည်ပင်းဖြတ်တာတို့လုပ်တာတွေရှိတယ်။အဲဒါတွေ ချက်ချင်းငရဲကြီးတယ်။ အဲဒါတွေလည်းဘဲ။သက်တော်ထင်ရှား ဘုရားကဲ့သို့ဘဲ။ ကြည်ညိုရင်လည်းဘဲ အကျိုးကြီးသလို ဖျက်ဆီးရင်လည်းဘဲ အင်မတန်မှဘဲ အကုသိုလ်များတယ်။ အဲဒါက ပထမဦးဆုံးပုဂ္ဂိုလ်ဘဲ။ နည်းနည်းလေးရေထဲကျတာနဲ့ တမ်းမြုပ်တာဘဲ။ သေတာနဲ့ အဝီစိရောက်တယ် ဒီလိုဆိုလိုပါတယ်။ ပထမပုဂ္ဂိုလ်။

ကဲ ဒုတိယပုဂ္ဂိုလ် သွားရအောင်။ ဒုတိယပုဂ္ဂိုလ်က လူ့ပြည်တော့ ပြန်လာပါတယ်။ လူ့ပြည်ရောက်လာပြီးတော့ တရားလည်းမနာ၊ တရားလည်း အားမထုတ်တော့ သူ ရဲ့ သဒ္ဓါတရားတွေဟာ ရပ်တန့်လည်း မနေဘူး။ အမြဲတမ်း လဆုတ်ပစက္ခလို အမြဲ တမ်း ဆုတ်ယုတ်နေတယ်။ တချို့ တချို့ မိသားစုတွေ တချို့လူတွေကြည့်ပါလား။ ဟိုတုန်းက အတိတ်က ကုသိုလ်ကံကြောင့် ကောင်းကောင်းမွန်မွန် ချမ်းချမ်းသာ သာလေးတော့ နေကြပါတယ်ဗျာ။ မေ့မေ့လျော့

လျော့ ပေါ့ပေါ့ဆဆနဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေပဲ လိုက်စားနေတော့ အသက်ကြီးလာလေ ကိလေသာတွေ သောင်းကျန်းပြီးတော့ သဒ္ဓါလျော့လာလေ။ အဲလိုလူမျိုးတွေ လည်း မရှိဘူးလား။

*(ရှိပါတယ်ဘုရား..)*

အဲဒါ ခဏနေတာ၊ လူ့ပြည်မှာ ခဏနေတာ။ တော်ကြာအပယ်ရောက်အုံးမယ်၊သူလည်းကျိန်းသေအပယ် ရောက်မယ့် ပုဂ္ဂိုလ်ပဲ။သူရဲ့အတိတ်က ကုသိုလ်ကံလေး မကုန် ရင်တော့ နောက်တစ်ခါထပ်ပြီး လူဖြစ်ချင် ဖြစ်မယ်ပေါ့ဗျာ။ အတိတ်ကလုပ်ထားတဲ့ ကုသိုလ်လေးက ပါသေးတာကိုး။ အဲဒီတော့ သူပစ္စုပ္ပန်မှာ သူ့သဒ္ဓါတရားက အမြဲတမ်းလျော့နေ တယ်။သဒ္ဓါတွေလျော့တယ်ဆိုတော့ ဝီရိယလျော့တယ်၊သတိ လျော့တယ်၊ သမာဓိလျော့တယ်၊ ပညာလျော့တယ်။ သူတိုး နေတာ ဘာတိုးနေလဲဆိုတော့ ကိလေသာပဲ တိုးလာတယ်။ လောဘတိုးလိုက်၊ ဒေါသတိုးလိုက်၊ မောဟတိုးလိုက်။ အတိတ်တုန်းက အကျိုး ပေးတာကို သူက တရားဘက်ကို အသုံးမချပဲနဲ့ ကိလေသာဘက် အသုံးချတယ်။ ကိလေသာ ဘက် အသုံးချတော့ နေ့တိုင်းနေ့တိုင်း ကိလေသာတိုးပြီးတော့ သဒ္ဓါ၊ ပညာတွေဟာဆုတ်ယုတ်သွားတယ်။ သဒ္ဓါ၊ပညာတွေ ဆုတ်ယုတ်တယ်ဆိုတော့ သူတော်ကောင်းတို့ ကုသိုလ်နဲ့ အကုသိုလ် ဘယ်ဟာများမတုန်း။

*(အကုသိုလ်များပါတယ်ဘုရား . . .)*

အေး၊ အကုသိုလ်များတဲ့ ပုဂ္ဂိုလ်ကတော့သေရင် အဲဒါ အပယ်ဘဲသူလည်းဘဲ။ သူကတော့ အဝီစိတော့ မဟုတ်ဘူး ပေါ့၊ ခုနက ကံကြီးနစ်ခု မထိုက်လို့ နိယတမိစ္ဆာဒိဋ္ဌိကံ တို့၊ နောက်တစ်ခါ ပဉ္စာနန္တရိယကံ တို့ အဲဒီကံတွေ လွတ်လို့ရှိရင် သိဥ္စုဂ်းဝရဲတို့၊ ကာလသုတ်၊ ယောရုဝတို့ ဒါမျိုးတွေကျနိုင် တယ်ပေါ့။

အဲ....သူက သဒ္ဒါတရားတွေ ဆုတ်ယုတ်တယ်တဲ့ ယောဂီတို့။ ယောဂီတို့ကျတော့ သဒ္ဒါတရားတွေ တိုးမနေဘူး လား။

*(တိုးနေပါတယ်ဘုရား . .)*

အဲဒါ ကိုယ်နဲ့ချိန်ကြည့်ရတယ်။ သဒ္ဒါတရားဆုတ် ယုတ်တဲ့ ပုဂ္ဂိုလ်တွေ ယောဂီတို့ လှမ်းကြည့်ရင် မတွေ့နိုင်ဘူး လား။

*(တွေ့နိုင်ပါတယ်ဘုရား . .)*

ကိုယ့် ပတ်ဝန်းကျင်မှာ အများကြီးရှိပါတယ်။ သဒ္ဒါတရားဆုတ်ယုတ်နေတဲ့ ပုဂ္ဂိုလ်တွေ။ ပျော်ပွဲရွှင်ပွဲသွားတယ် တချို့ဆံပင်တွေ ဘာတွေ ဖြူဖြုတ်ပြီး ခါးတွေဘာတွေတောင် ကုန်းနေပြီ။ အဲဒါ ပျော်ပွဲရွှင်ပွဲဘဲ ပျော်ပွဲရွှင်ပွဲဘဲ အဲဒါ နားထောင်လိုက် ကြည့်လိုက် အဲဒါဘဲ လုပ်နေတာဘဲ။ တရား နာဖို့ တရားအားထုတ်ဖို့ စိတ်ကိုမပါဘူး။ တရားနာဖို့ တရားအား

ထုတ်ဖို့ဆို ထွက်ပြေးရော။ အဲဒါ သူနဲ့ မတည့်ဘူးလေ။ အဲဒါမျိုးတွေ မရှိဘူးလား။သဒ္ဓါတရားဟာ လဆုတ်ပက္ခလိုအမြဲတမ်းဆုတ်ယုတ်နေတယ်။ လောကီပညာတတ်တာနဲ့ မဆိုင်ဘူး။ သူဟာသူ ဘာဘွဲ့ဘဲရရ။ သဒ္ဓါနဲ့ပညာတဖြည်းဖြည်းဆုတ်ယုတ်နေတယ်။ သူတတ်ထားတဲ့ပညာ သူရထားတဲ့ စည်းစိမ်ဥစ္စာတွေဟာ ကိလေသာ အတွက်ချည်းဘဲ၊ တရားအတွက် ဘာမှမပါဘူး။ ဒါနလည်း အပြုဘူး၊ သီလလည်း မဆောက်တည်ဘူး၊ ဘာဝနာလည်း မပွားများဘူး။ ပျော်မယ်ပါးမယ် ခံစားမယ်၊ ပျော်မယ်ပါးမယ် ခံစားမယ်။ စားဖို့သောက်ဖို့ အလုပ်လုပ်မယ်၊ ခံစားမယ်၊ သူ့အလုပ်က အဲဒါဘဲ။ အဲဒီလို သဒ္ဓါတရားဆုတ်ယုတ်တဲ့ ပုဂ္ဂိုလ်မျိုးဟာ အတိတ်ကံလေးရှိရင်တော့ထပ်ပြီး လူ၊ နတ်ဖြစ်ချင်ဖြစ်မယ်။ အတိတ်က ကံမကုန်သေးရင်ပေါ့ဗျာ။ အဲအတိတ်ကကံ ကုန်ပြီဟေ့ဆိုရင်တော့ ဘယ်ရောက်မယ်။

*(အပယ်လေးပါးကို ရောက်မှာပါဘုရား . .)*

အဲဒါ ပေါ် ပြီးတော့ မြုပ်မယ့် ပုဂ္ဂိုလ်တဲ့။ ဒုတိယပုဂ္ဂိုလ်က ဘယ်လိုပါလိမ့်။

*(ပေါ်ပြီးတော့မြုပ်မယ့် ပုဂ္ဂိုလ်ပါ ဘုရား ...)*

အဲ....ကိုယ့်ကိုယ်ကို ဆန်းစစ်ရမယ်။ ဒို့ဘယ်ထဲများပါသလဲဆိုတာ။ပထမပုဂ္ဂိုလ်ထဲတော့မပါဘူး၊မပါလို့တရားနာတာပေါ့၊ အယူအဆတွေမှားနေရင်ကဲနာချင်ပါ့မလား။ မနာချင်ပါဘူး ဘုရား။ ဒုတိယပုဂ္ဂိုလ်လည်း သဒ္ဓါတရားခေါင်းပါးတဲ့

စာမျက်နှာ၊၃၃၊





ပုဂ္ဂိုလ်က လာပါဆို လာပဲ့မလား။

*(မလာပါဘူး ဘုရား။)*

တရားတွေဟောကြားမယ်၊ တရားတွေထိုင်မယ်၊ ဟာ ဒီအချိန် ညအိပ်ကောင်းတဲ့ အချိန် ဘယ်လာနိုင်မလဲ။ မနက်အစောကြီးလည်း အိပ်တာဘဲ၊ နေ့ခင်းလည်း အိပ်တာဘဲ၊ မိုးမချုပ်သေးခင်လည်း အိပ်ပျော်နေပြီ၊ သန်းခေါင်ဆို တုပ်တုပ်တောင် မလှုပ်တော့ဘူး။ အဲဒီပုဂ္ဂိုလ်မျိုးက တရားနာဖို့၊ တရားအားထုတ်ဖို့ ရပဲ့ါတော့မလား။

*(မရပါဘူးဘုရား...)*

တစ်ပြားသားမှ မရှိပဲနဲ့ လုပ်နိုင်ပဲ့မလား။

*(မလုပ်နိုင်ပါဘူး ဘုရား..)*

ဒါမလုပ်လည်းရတာပဲ၊ ဘယ်သူမှ တရားစွဲတာမှ မဟုတ်ပဲ ဟုတ်တယ်မလား။ ကိုယ့်အိမ်ကိုယ် အိပ်နေတာ ဘယ်သူက တရားစွဲရမှာလဲ၊ အိပ်နေလို့ရတာပဲ။ တကယ့်ကို သံဝေဂတွေ ရှိပြီး တကယ့်ကို သဒ္ဓါတရားနဲ့ ဟာ ဒီအလုပ်က လုပ်ကိုလုပ်သင့်တယ်ပေါ့၊ အရေးကြီးတဲ့ အလုပ်ပဲ လုပ်ကို လုပ်ရမယ်။ အိပ်တာ တစ်သံသရာလုံး အိပ်နေတာဘဲ ကြိုးစားမယ်ပေါ့ ဆိုတော့ ကြိုးစားတော့ ဟော ဝိပဿနာတရားတွေ မရဘူးလားဗျာ။

*(ရပါတယ် ဘုရား...)*

အဲဒါ သဒ္ဓါတရား တိုးတက်တဲ့ပုဂ္ဂိုလ်ပေါ့။ ဒုတိယ

ပုဂ္ဂိုလ်က သဒ္ဓါတရား ဆုတ်ယုတ်တဲ့ ပုဂ္ဂိုလ်ပြောတာ ဟုတ်လား။ ကဲ..တတိယပုဂ္ဂိုလ်သွားရအောင်။ တတိယပုဂ္ဂိုလ်က သဒ္ဓါတရား ဆုတ်လည်းမဆုတ်ဘူးတဲ့၊ တိုးလည်း မတိုးဘူးတဲ့ ယောဂီတို့။ အဲတော့ ဘယ်လိုနေမလဲ။

*(တန့်နေပါတယ်ဘုရား...)*

သဒ္ဓါတရားက တန့်နေတယ်တဲ့။ သဒ္ဓါတရားက ရပ်တန့်နေတယ်။ ယောဂီတို့ ရေလယ်ခေါင်မှာ ရပ်တန့်နေရင် ကြာရင် ဘယ်လိုနေမလဲ။

*(မြုပ်မှာပါ ဘုရား...)*

အေး အဲဒါကလည်း သိအုံးမှ ယောဂီတို့ ။ ရေပေါ်မှာ အခု မျောနေတယ် သူက။ သူက ကုသိုလ် ကောင်းမှုတော့ လုပ်ပါတယ်တဲ့ယောဂီတို့။ကုသိုလ်ကောင်းမှုဒါနတွေလည်း လုပ်တယ်၊ သီလတွေလည်းဆောက်တည်တယ် လုပ်ပါတယ်တဲ့။ သူက ဒါပေမယ့်ကမ်းကိုမရှာဘူး။ ဒီကုသိုလ်ကောင်းမှုကို သူလုပ်တာက ခံစားဖို့ လုပ်တာကိုး။ ခံစားဖို့လုပ်တာ ခံစားဖို့။ လူစည်းစိမ်၊ နတ်စည်းစိမ် အဲခံစားဖို့အတွက် သူကလုပ်တာ။ ကုသိုလ်ကောင်းမှုလုပ်လို့ရှိရင် ခံစားရမယ်ပေါ့နောက်ဘဝချမ်းသာမယ်။ နောက်ဘဝ ကောင်းကောင်း ခံစားရမယ်၊စံစားရမယ်။ ကုသိုလ်တော့ လုပ်တယ်နော်။ ကုသိုလ်လုပ်ပေမယ့် သူဟာ ကမ်းကိုရှာရဲ့လား။

*(မရှာပါဘူးဘုရား...)*





အဲ ကမ်းကိုမရှာပဲနဲ့ ဒိုက်ဖတ်တွေ၊ တုံးတွေ၊ တိုင်တွေပေါ်မှာ တက်အိပ်ပြီးတော့ လေလေးချွန်ပြီးတော့ သီချင်းဆိုပြီးတော့ မျောပါသွားတော့သူကတော့သက်သာတာပေါ့ဗျာ။ကမ်းမှမရှာ တာ ကမ်းမရှာတဲ့သူက ကုသိုလ်လောက်ပဲ လုပ်တဲ့သူဟာ သက်သာတယ်နော် သူတော်ကောင်းတို့။ ဘာဖြစ်လို့ သူဟာ ကမ်းကို မရှာတာလဲဆိုတာ ယောဂီတို့ စဉ်းစားကြည့်ရအောင်။ သူ့မှာ အမြော်အမြင်မရှိဘူး။ အမြော်အမြင်မရှိတဲ့အတွက်ကြောင့် မို့အေးအေးဆေးဆေး နေနိုင်တာပေါ့။ ဒါပေမယ့်မျောပါသွားလို့ ရှိရင် ယောဂီတို့ ဒီမြစ်ဟာ တဖြည်းဖြည်းတဖြည်းဖြည်းမျော ရင်းနဲ့ ဘယ်ရောက်မလဲ။

*(ပင်လယ်ထဲ ရောက်မှာပါ ဘုရား...)*

ဟာ ပင်လယ်ရောက်ကာမှ ကူးလို့ရပါတော့မလား။

*(မရပါဘူးဘုရား...)*

အဲဒါကို သူသိလို့လား မသိလို့လား။

*(မသိလို့ပါဘုရား..)*

အေးအဲဒါကြောင့်မိုလို့မရှိတာထက်

*(မသိတာခက်ပါတယ်ဘုရား...)*

မသိတာက အဝိဇ္ဇာဘဲ သူတော်ကောင်းတို့ ။ အမှန်တရား မှန်သမျှကို မသိအောင် ဖုံးထားတယ်။ အဝိဇ္ဇာရဲ့လက် ချက်။ အပဋိပတ္တိအဝိဇ္ဇာတဲ့ အမှန်တရားကို မသိအောင် အကုသိုလ်ကို အကုသိုလ်မှန်း မသိအောင်၊ ကုသိုလ်ကို

ကုသိုလ်မှန်းမသိအောင် ဖုံးထားတာ။ ဘယ်သူပါလိမ့်။

*(အဝိဇ္ဇာပါဘုရား..)*

မိစ္ဆာပဋိပတ္တိအဝိဇ္ဇာတဲ့သူက အကုသိုလ်ကိုကုသိုလ်လို့ထင်တယ်၊ ကုသိုလ်ကို အကုသိုလ်လို့ထင်တယ် ပြောင်းပြန်ထင်အောင် လုပ်တယ်။ အဲဒါလဲ ဘယ်သူ့လက်ချက်ပါလိမ့်။

*(အဝိဇ္ဇာရဲ့ လက်ချက်ပါဘုရား...)*

အဝိဇ္ဇာဟာ အင်မတန်မှပဲ သတ္တဝါတွေကို ဒုက္ခရောက်အောင် လုပ်တဲ့နေရာမှာ အင်မတန် ကျွမ်းကျင်တယ်။ ဒါ အကုသိုလ်ပဲလို့ မသိအောင်လည်းပဲ ဖုံးထားတယ်။ အကုသိုလ်ကို အကုသိုလ်မှန်း မသိဘူး။ သူတော်ကောင်းတို့ လောဘ၊ ဒေါသ၊ မောဟတွေ ဖြစ်နေတာ ကုသိုလ်လား၊ အကုသိုလ်လား။

*(အကုသိုလ်ပါ ဘုရား...)*

တရားမနာ၊ တရားအားမထုတ်တဲ့ ပုဂ္ဂိုလ်ဟာ ဒါ အကုသိုလ်လို့ သိပါ့မလား။

*(မသိပါဘူးဘုရား...)*

သူများအိမ်တက်ခိုးမှ အကုသိုလ်လို့အောက်မေ့တာ။ ရင်ထဲမှာ လောဘ၊ ဒေါသ၊ မောဟ ဖြစ်နေတာ ဒါ အကုသိုလ်ပဲလို့ ဝိပဿနာ တရားမနာတဲ့ ပုဂ္ဂိုလ် သိပါ့မလား။

*(မသိပါဘူးဘုရား...)*

မသိတာက အဝိဇ္ဇာပေါ့။ အကုသိုလ်ကို အကုသိုလ်

မှန်း မသိအောင် လုပ်ထားတယ်။ ယောဂီတို့ အခုရှုမှတ်နေတဲ့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ မြင်တယ်၊ ကြားတယ်၊ နာရင်လည်း နာတယ်၊ ကိုက်ရင်လည်း ကိုက်တယ် ယောဂီတို့။ ဒီမှာ ဦးရေဝတ သင်ပေးတော့ မမှတ်ရဘူးလား။ မှတ်ရပါတယ်ဘုရား။ အဲဒါ ဘာမှ တရားမနာတဲ့ ပုဂ္ဂိုလ်က ဒါကုသိုလ်ပဲလို့ သိပါ့မလား။

*(မသိပါဘူးဘုရား...)*

မဏ္ဍပ်ကြီးဆောက်ပြီးတော့ လော်စပီကာကြီးနဲ့ အော်မှ ကုသိုလ် အောက်မေ့နေတာကိုး ဗျ။ ကြွားမှဝါမှ ကုသိုလ်အောက်မေ့နေတာ။ ဒါ ရှုမှတ်နေတာ ကုသိုလ်ဗျ။ ဒါနထက်မြတ်တယ်၊ သီလထက်မြတ်တယ်၊သမထထက်မြတ်တယ်၊ဝိပဿနာအမြတ်ဆုံး။ အဲဒါကို ကုသိုလ်ကိုကုသိုလ်မှန်းလည်းမသိဘူး။ ဘယ်သူဖုံးထားပါလိမ့်။

*(အဝိဇ္ဇာကဖုံးထားတာပါဘုရား...)*

ဟော နောက်တခါ သူကလာပြန်ပြီ မိစ္ဆာပဋိပတ္တိ ဆိုတာ။ အကုသိုလ်ကို ကုသိုလ်လို့ထင်တယ်တဲ့။ ယောဂီတို့ လုပ်ကိုင်၊ စားသောက်နေတယ် ဆိုတာ တဏှာနဲ့ လုပ်တာမဟုတ်လား၊ ဝိပဿနာနယ်ကို ပြောမလို့နော်။ သို့သော်လည်းဘဲ သစ္စာတရား မနာတဲ့ပုဂ္ဂိုလ်က ဟာ လူဆိုတာ ဒီလိုလုပ်ရမှာပဲ လူဆိုတာ ဒီလို သမ္မာအာဇီဝ လုပ်ရမှာပေါ့ကွ။ ဘယ် ဒီလိုမှ မလုပ်ရင် ဘယ်သူက ကျွေးမှာလဲ။ လောကနယ်ကတော့

အဲဒီလိုပြောမှာပေါ့ ဟုတ်တယ်မဟုတ်လား။

ကဲ တရားနယ်က ကြည့်ရအောင်။ လောဘတွေ နေ့တိုင်းနေ့တိုင်း တိုးနေတယ် ဆိုတော့ ကုသိုလ်တိုးနေတာလား၊ အကုသိုလ် တိုးနေတာလား။ အကုသိုလ် တိုးနေတာပါ ဘုရား။ အဲဒါကို သူကနေ ရှုံးရှုံးသားသား လုပ်ကိုင်စားတာဘဲ။ ဒါ ကုသိုလ်တောင်ရသေးတယ်လို့ ဒီလိုထင်တာ။ သိမ်မွေ့တယ်နော် သူတော်ကောင်းတို့။

*(မှန်လှပါဘုရား...)*

ဗုဒ္ဓဘာသာဟာဘာသာတွေအားလုံးထဲမှာ အဖိုးတန်တယ် မွန်မြတ်တယ်ဆိုတာ သိမ်မွေ့လို့၊ နက်ရှိုင်းလို့ အဖိုးတန်တာ။ သူလိုငါလိုဆို ဘာ သူတို့ထက် ပိုပြီး အဖိုးတန်မလဲ၊ တူနေမှာပေါ့။ ဒီ သဘောတရားတွေကို သစ္စာတရားကို နာဖူးတဲ့ ပုဂ္ဂိုလ်မှ သိမှာ ဟုတ်တယ် မဟုတ်လား။

အခု ဒီမှာ သားနဲ့ သမီးနဲ့ ဇနီးနဲ့ ခင်ပွန်းနဲ့ ခင်ကြတယ်၊ မင်ကြတယ်။ လောကအနေနဲ့တော့ ကိုယ့်သား၊ ကိုယ့်သမီး၊ ကိုယ့်ဇနီး ကိုယ့် ဖာသာကိုယ်ခင်တာ ဘာအပြစ်ရှိမှာလဲ။ ဒါ ကိုယ့်သား၊ ကိုယ့်သမီး ကိုယ် ခင်တာဘဲ။ သူများသားမယား ပြစ်မှားနေတာမှ မဟုတ်ပဲ။ ဒီလိုပြော တယ် မဟုတ်လား။

*(မှန်ပါ့ဘုရား ...)*

ကဲ တရားနယ်ကကြည့်ပါအုံး။ ကိုယ့်သား၊ ကိုယ့်သမီး

ခင်တာ လောဘမဟုတ်လား။

*(မှန်ပါဘုရား ...)*

လောဘက ကုသိုလ်လား။ အကုသိုလ်လား၊

*(အကုသိုလ်ပါဘုရား ....)*

ယောဂီတို့နက်ရှိုင်းတယ်နော်။ အဲဒီတော့အကုသိုလ်ကို ကုသိုလ်လို့ထင်တယ်။ ကိုယ့်သား၊ကိုယ့်သမီးကို လုပ်ကျွေးတာ ကုသိုလ်တောင်ရ သေးတယ် ဒီလိုလုပ်တာ။ သီလနယ်ကတော့ သူ့ဟာနဲ့သူဟုတ်တာပေါ့။အခုပြောနေတာ ဝိပဿနာနယ်ကို ပြောနေတာနော်။ ယောဂီတို့က ဘာတွေ အားထုတ်နေတာလဲ။

*(ဝိပဿနာတရားတွေ အားထုတ်နေ တာပါဘုရား .)*

ဝိပဿနာနယ်က ပညာပြဌာန်းတယ်ဗျ။ သမားရိုးကျ သူလို ကိုယ်လို အသိလောက်နဲ့ဆိုရင်တော့ သူလိုကိုယ်လိုဘဲ နေပေါ့။စားဝတ်နေရေးလေးလုပ်ပြီး ဒီလိုနေလိုက်ရင်ပြီးတာဘဲ။ တစ်နေ့ကျရင် နိဗ္ဗာန်ရောက်မှာပေါ့ဟေ့ ကုသိုလ်လေး လုပ်ဆိုတာ။ အဲဒါ သမားရိုးကျ အသိမဟုတ်လား။ ကုသိုလ်လုပ်ရုံနဲ့ နိဗ္ဗာန်မရဘူးဗျ။ ကုသိုလ်လုပ်ရင် လူချမ်းသာ၊ နတ်ချမ်းသာတော့ရမယ်။ လောဘ၊ ဒေါသ၊ မောဟကြီးနဲ့ လုပ်တဲ့ကုသိုလ်က မဂ်ဉာဏ်ဖိုလ်ဉာဏ်ရပ့ါမလား။

*(မရပါဘူးဘုရား ...)*

အဲ...သံသရာလည်မယ်။ လည်ပြီးရင် ဘာဖြစ်မလဲ။

*(လည်ပြီးရင် မြုပ်မှာ ပါဘုရား...)*

ယောဂီတို့ မြတ်စွာဘုရားရဲ့ ကျေးဇူးဟာ အင်မတန် မကြီးမား ဘူးလား။

*(ကြီးမားပါတယ်ဘုရား...)*

မြတ်စွာဘုရားဟောလို့ သိရတာ သူတော်ကောင်းတို့။ မြတ်စွာဘုရားသာ မပွင့်ရင် ကဲ သိပါ့မလား။

*(မသိပါဘုရား...)*

သံဃာဆိုတာ သူ့အလိုကို သိတာမဟုတ်ဘူး။ ဘုရားတရား နာပြီးမှ သိရတာ မဟုတ်လား။ အဲဒီတော့ အဓိက က ဘယ်သူ့ကျေးဇူးပါ လိမ့်၊

*(မြတ်စွာဘုရားရဲ့ ကျေးဇူးပါဘုရား...)*

သားသမီး၊ဇနီး၊ခင်ပွန်းခင်တယ်ဆိုတာဂေဟာသိတပေမတာကျာ လို့ ခေါ် တယ်။ ဟိုက ရာဂတဏှာ။ လောဘဆိုတာ အဲဒါ အကုသိုလ်ပဲဗျ။ သူ့ ကြောင့် ဒုက္ခရောက်ရတာ မဟုတ်လား။

*(မှန်လှပါဘုရား...)*

သမုဒယသစ္စာ အရ ကောက်တော့ ဘယ်သူပါလိမ့်၊ အရ ကောက်လိုက်တဲ့ အခါ ကျတော့ တဏှာလို့ ခေါ်တယ်နော်။ သမုဒယသစ္စာကြောင့်ဒုက္ခသစ္စာဆိုဟုတ်တယ်။ဟုတ်တယ် မဟုတ်လား။ သမုဒယသစ္စာ ဘာလဲ၊ အဓိကသမုဒယသစ္စာက ဘယ်သူလဲပြောလိုက်တဲ့ အခါကျတော့ လောဘ တဏှာ။





အခု တဏှာကို ပြောနေတာနော် သူတော်ကောင်းတို့။ လောဘ တဏှာကြောင့် ဒုက္ခရောက်ရတာ မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

ဒါဖြင့် လောဘတဏှာက ကုသိုလ်လား၊ အကုသိုလ်လား။

*(အကုသိုလ်ပါဘုရား . . .)*

သူတော်ကောင်းတို့ ဒီလိုမြင်ရမှာနော်။ ဘယ်နယ်ကို ပြောနေပါလိမ့်။

*(ဝိပဿနာနယ်ကို ပြောနေတာပါဘုရား . . .)*

ဝိပဿနာနယ် ဝိပဿနာနယ်။ ဟိုပညတ်နယ်သမားက သီလနယ်ကို ပြောနေတာ မဟုတ်လား။ သီလနယ်ကတော့ သမ္မာအာဇီဝ ရှိတာကိုးဗျ။ ကောင်းရောင်းကောင်းဝယ် အလုပ်ဆိုတာ ရှိတယ် မဟုတ်လား။ ဒါသီလနယ်က တော့ သူ့နယ်နဲ့သူ ဟုတ်တာဘဲလေ။ ဥပမာ ပညတ်နယ်ဆိုရင် ယောကျ်ားရှိတယ်၊ မိန်းမရှိတယ်၊ ရဟန်းရှိတယ်၊ လူရှိတယ်၊ ဒကာရှိ တယ်၊ ရှိသေရမယ်၊ လေးစားရမယ် ဒီလိုမဟုတ်လား။

*(မှန်လှပါဘုရား . . .)*

သူ့နယ်နဲ့သူတော့ မမှန်ဘူးလား။

*(မှန်ပါတယ်ဘုရား . . .)*

အခုဟာက ပရမတ္ထနယ်ကိုပြောတာ ယောဂီတို့။ ဝိပဿနာနယ် ရောက်တဲ့အခါကျတော့ လောဘ၊ ဒေါသ၊ မောဟက အကုသိုလ်မဟုတ်လား။

*(မှန်လှပါဘုရာ…)*

ပညတ်နယ်မှာလည်း အတူ တူပါဘဲ အကုသိုလ်ပါဘဲ။ သို့သော်လည်း ပညတ်နယ်မှာသူ့အဆင့်က ဖြည်းဖြည်းတက်ရတယ်၊ တန်းတက်လို့ မရဘူး။ ဟုတ်တယ် မဟုတ်လား။

*(မှန်လှပါဘုရား . ..)*

ဝိပဿနာတရားမနာနိုင်သေးတဲ့ ပုဂ္ဂိုလ်တွေကို ဒီလို တန်းပြီးပြောလို့ ရပါ့မလား။

*(မရပါဘူးဘုရား . . .)*

အခုမှ သဒ္ဓါက စလုံး ရေစရှိသေးတယ်။ ဒါတွေ ဘယ်လိုလုပ်သိမလဲ။ ယောဂီတို့ကျတော့ ကမ္မဿကတ သမာဒိဋ္ဌိဉာဏ်က အင်မတန် ခိုင်မာနေပြီ။ ဒါကြောင့် ဝိပဿ နာသမ္မာဒိဋ္ဌိကို တက်ရတာမဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အကုသိုလ်ကို ကုသိုလ်လို့ထင်တယ်သူတော်ကောင်း တို့။ အခု ကုသိုလ်လည်း လောဘကို ပြောနေတာ။အကုသိုလ် လောဘကို ကုသိုလ်။ ဒါ သမ္မာအာဇီဝဘဲ။ လုပ်ကိုင်စားသောက် နေတာဘဲ၊ ဘာဖြစ်မှာလဲ၊ လူဆို တာ ဒီလိုပေါ့ကွာ၊သူများလည်း ဒီလိုဘဲ လုပ်နေတာဘဲ။ အများလည်း ဒီလိုဘဲသံသရာလည် နေတာ မတွေ့ဘူးလား။

*(တွေ့ပါတယ်ဘုရား . . .)*





သံသရာ လည်နေတယ်ဆိုတာ ဘာတွေဖြစ်နေတာတုန်း။ ဒုက္ခတွေဖြစ် နေတာ။ အေး...ဒုက္ခဖြစ်တာ သမုဒယကြောင့် မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

သမုဒယက ကောင်းတဲ့တရားလား။ မကောင်းတဲ့ တရားလား။

*(မကောင်းတဲ့တရားပါဘုရား . . .)*

အခုဒါသမုဒယက လောဘကိုပြောနေတာဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အကုသိုလ်ကို ကုသိုလ်လို့ထင်တယ်။ ကုသိုလ်ကျ တော့ အကုသိုလ်လို့ထင်တယ်။

တချို့ဒီမှာထိုင်နေတယ်ကွာ၊ အလကားသက်သက် ကြီး မင်း ကိုယ့်ကိုယ် ကို ဒုက္ခရှာနေတယ်၊ နာရတဲ့ကြားထဲထပ် ပြီးထိုင်နေတော့ နာမှာပေါ့ကွတဲ့။ မင်း အဲဒါ အကုသိုလ်ကြီး ဖြစ်နေမှာပေါ့။ နာနေတယ်ဆိုတော့ မင်းစိတ်ထဲမှာ ဒေါသ ဖြစ်နေမှာပေါ့။ ကုသိုလ်ကို အကုသိုလ်လို့ထင်တယ်။ နာတာကို ထိုင်ပြီး မှိန်းပြီး ခံစားနေတာ မဟုတ်ဘူး။ နာတာကို မှတ်နေတာ။ယောဂီတို့ နာတာကို ဒီတိုင်းမှိန်းထိုင်နေတာလား။

*(မထိုင်ပါဘူး ဘုရား . . .)*

ဘယ်လိုလုပ်နေတာတုန်း။

*(ရှုမှတ်နေတာပါဘုရား။)*

ရှုမှတ်နေတာမဂ္ဂင်ငါးပါးပါတယ်။ လုံ့လဝီရိယနဲ့ ကြောင့်ကြစိုက်ပြီးတော့ယောဂီတို့ မမှတ်ရဘူးလား။ ထိုင်တယ်၊ ထိတယ်၊ နာတယ်၊ ထိုင်တယ်၊ ထိ တယ်၊ နာတယ်၊ အပျင်းတက်တဲ့သူ မှတ်လို့ရပါ့မလား။

*(မရပါဘူး ဘုရား...)*

အဲဒါ "သမ္မာဝါယမ" လို့ခေါ်တယ်။ ယောဂီတို့ နာတဲ့အပေါ်မှာ စူးကနဲ စိုက်ကနဲ စူးစူးစိုက်စိုက် မမှတ်ရဘူးလား။

*(မှတ်ရပါတယ်ဘုရား...)*

အဲဒါ "သမ္မာသတိ" လို့ ခေါ်တယ်။ သားသတိရ၊ သမီးသတိရ၊ ဇနီးသတိရ ဆိုတာ သမ္မာသတိ မဟုတ်ဘူး၊ အဲဒါ "မိစ္ဆာသတိ"လို့ ခေါ်တယ်။ သံသရာ လည်မယ့် သတိ ဟုတ်တယ်မလား။ အခုသတိရတာက ခန္ဓာရဲ့ သဘောတရားတွေကို သတိရနေတာ။ နာတယ်၊ ကိုက်တယ်၊ ကျင်တယ်၊ ရွ တယ်၊ မွတယ် ဒီလိုမဟုတ်လား။

*(မှန်လှပါဘုရား...)*

အဲ သမ္မာသတိ။ အဲဒီ အပေါ်မှာ စိတ်ကလေးက တဒင်္ဂ၊ တဒင်္ဂ တည်တည် မသွားဘူးလား။

*(တည်သွားပါတယ်ဘုရား...)*

အဲဒါ "သမ္မာသမာဓိ"လို့ ခေါ်တယ်။ အဲဒါ သမာဓိမဂ္ဂင်သုံးပါး။ နောက်တစ်ခါ ယောဂီတို့ အဲဒီမှတ်တဲ့အပေါ်ကို ဒီမှတ်တဲ့စိတ်ကလေးကို နာတဲ့ ကျင်တဲ့ ကိုက်တဲ့အပေါ်ကို သေသေချာချာ





ရောက်အောင် ဒီကို သေသေချာချာကြည့်၊ ဒီကို သေသေချာချာကြည့်လို့ မပြောသော် လည်း ပြောသကဲ့သို့ မဖြစ်ဘူးလား။

*(ဖြစ်ပါတယ်ဘုရား...)*

ဖောင်းတာ၊ ပိန်တာ မှတ်တာ ယောဂီတို့ ဘယ်စိတ်ရောက်ပြီး မှတ်ရမတုန်း။လှုပ်ရှား တဲ့ သဘောလေးအပေါ်ပေါ့။ လှုပ်ရှားတဲ့ သဘောလေးက ဖောင်းပိန်နေတာ မဟုတ်လား။

*(မှန်လှပါဘုရား...)*

ဖောင်းတယ်၊ ပိန်တယ် မှတ်ပြီးတော့ စိတ်က စကြာဝဠာလျှောက်ပြေးနေလို့ သိပါ့မလား။

*(မသိပါဘူးဘုရား...)*

အဲဒီ မှတ်စိတ်ကလေးကို အရှုခံ အာရုံအပေါ်ကိုတင်ပို့ တင်ပို့ပေးတာကို "သမ္မာသင်္ကပ္ပ" လို့ခေါ်တယ်။ ယောဂီတို့ ရှုမှတ်တိုင်း ရှုမှတ်တိုင်း အဲဒီ မဂ္ဂင်ငါးပါးပါတယ်နော်။

*(မှန်လှပါဘုရား...)*

ဖောင်းစကိုသိအောင်၊ ဖောင်းလယ် ကိုသိအောင်၊ ဖောင်းဆုံးကိုသိအောင် ဒီလို တင်ပေးရတာမဟုတ်လား။

*(မှန်လှပါဘုရား...)*

ထိုင်တယ်၊ ထိတယ်၊ ထိုင်တယ်၊ ထိတယ် ဆိုတာ ကျုံ့ကျုံ့လေးထိုင်နေတာ၊တင်ပလ္လင်ခွေကားကားကြီးထိုင်နေတာကို ကြည့်နိုင်းတာမဟုတ်ဘူး။ တောင့်တဲ့သဘောတွေ၊ထိတဲ့သဘောတွေ မရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

အဲဒီ တောင့်တဲ့သဘောကို တချို့ က သိတယ်၊တချို့ ကလည်း ထိတဲ့နေရာလေးကို သိတယ်။ အဲဒါ ခန္ဓာ့သဘော ကို သိနေတာမဟုတ်လား။

*(မှန်လှပါဘုရား...)*

အဲဒီ ထိတဲ့နေရာလေးကို ဉာဏ်ရောက်အောင်တင်ပို့ တင်ပို့ပေးတဲ့အလုပ်လုပ်နေတာရှိတယ်။ အဲဒါ "သမ္မာသင်္ကပ္ပ" ဝိတက်လို့ခေါ်တယ်။ဒီနေရာမှာ"သမ္မာသင်္ကပ္ပ"လို့သုံးတယ်။ ယောဂီတို့ ရှုတဲ့အခါမှာ သေချာစူးစူးစိုက်စိုက်ရှု။ ဒီလို ယောဂီ တို့ကို ပို့ပေးတယ်မဟုတ်လား။

*(မှန်လှပါဘုရား...)*

အဲ..စူးစူးစိုက်စိုက်ရှုဆိုတာ အရှုခံအာရုံနဲ့ အရှုဉာဏ် နဲ့တစ်ထပ်တည်းကျသွားအောင် အဲဒီလို သေသေချာချာကြည့် ယောဂီတို့ဂုတ်တုတ်ကလေးထိုင်ပြီးတော့ စိတ်ကူးမနေနဲ့။ ဒါကိုပြောတာ ဟုတ်လား။

*(မှန်လှပါဘုရား...)*

ယောဂီတို့က ဒီမှာ ဖျာရှုံပေါ်မှာတော့ ထိုင်နေတာ ဘဲ။ ထိုင်ပြီး စိတ်က ဟိုရောက်နေတယ် ဟိုသွား ဒီသွားလျှောက် သွား နေတယ်ဆိုရင် ဒီဖောင်းတာလေးတွေ၊ ပိန်တာလေးတွေ၊ နာတာလေးတွေ၊ ကိုက်တာလေးတွေအပေါ်မှာ စိတ်က ရောက် ပါ့မလား။





*(မရောက်ပါဘူးဘုရား...)*

ကဲ.. မရောက်လို့ရှိရင် အမှန်တိုင်းသိပါ့မလား။

*(မသိပါဘူးဘုရား . . .)*

အမှန်တိုင်း မသိတော့ အမှားသိတာပေါ့။ အမှားသိတာဆိုတော့ ငါထိုင်နေတယ်၊ ငါဘယ်သွားရအုံးမယ်၊ ငါတရားနာပြီးရင် ဘယ်သွားရအုံးမယ်၊ ဘယ်မှာ အလုပ်တွေကရှိသေးတယ်၊ ဘယ်သူနဲ့ ဘာပြောရအုံးမယ်၊ဆိုတော့ ဒီနာတာလေးတွေ၊ကျင်တာလေးတွေ အပေါ်မှာ ရောက်ပါတော့မလား။

*(မရောက်ပါဘူးဘုရား . . .)*

အဲ . . .ရောက်အောင်လို့ စိတ်ကို တင်ပို့တင်ပို့ပေးတာ မှတ်သိစိတ်ကို ရှုဉာဏ်ကို အရှုခံပေါ်ကိုရောက်အောင် တင်ပို့တင်ပို့ ပေးတာကို ဘာလို့ခေါ်မလဲ။

*("သမ္မာသင်္ကပ္ပ" ပါဘုရား . . .)*

အေး "သမ္မာသင်္ကပ္ပ"။ မဂ္ဂင်ငါးပါး ပါပုံကို ပြောနေတာ ယောဂီတို့။ အဲဒီတော့ ယောဂီတို့က တင်ပို့တင်ပို့ပေးနေတော့ အရှုခံနဲ့ရှုဉာဏ် အံကိုက် အံကိုက် ကျမသွားဘူးလား။ အံကိုက် အံကိုက်ကျတဲ့ အခါကျတော့ အစတုန်းကယောင်္ကျား၊ မိန်းမ၊ ပုဂ္ဂိုလ်၊ သတ္တဝါ ထင်တယ်။ မှတ်အားတွေ ကောင်းလာတဲ့အခါကျတော့၊ ဩော် ...အရှုခံလည်း သဘောပဲ၊ ရှုဉာဏ်လည်းဘဲ သဘောပါဘဲ။ သဘောတွေက သဘောတွေကို ရှုနေတာမဟုတ်လား။ အဲဒီတော့ ယောက်ျား၊ မိန်းမပါသေးလား။

*(မပါတော့ပါဘူးဘုရား…)*

ယောဂီ့ဉ်ား၊ မိန်းမပြုတ်တော့ ဘာပြုတ်ပါလိမ့်။

*(သက္ကာယဒိဋ္ဌိပြုတ်ပါတယ်ဘုရား…)*

အဲဒါ … ယောဂီတို့ ကုသိုလ်တွေကော၊ ဉာဏ်တွေကော ရမနေဘူးလား။

*(ရနေပါတယ်ဘုရား…)*

သက္ကာယဒိဋ္ဌိ ပြုတ်တယ်ဆိုတာ အပါယ်တံခါးပိတ်တာဘဲ အဲဒါ။ တဒင်၊ တဒင် ပိတ်သွားတယ်မဟုတ်လားအဲဒါ။

အဲဒီတော့ "သမ္မာဒိဋ္ဌိ သမ္မာသင်္ကပ္ပ" ပညာမဂ္ဂင်နှစ်ပါး၊ "သမ္မာဝါယာမ၊ သမ္မာသတိ ၊သမ္မာသမာဓိ" သမာဓိမဂ္ဂင်သုံးပါး၊ အဲ…သုံးနဲ့နှစ်နဲ့ပေါင်းလိုက်တော့ ဘယ်လောက်ပါလိမ့်။

*(ငါးပါးပါဘုရား…)*

အဲဒါ "ကာရကမဂ္ဂင်" ငါးပါးလို့ခေါ်တယ်။ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ်၊ နာတယ်၊ ကိုက်တယ် စသည်အားဖြင့် ယောဂီတို့မှတ်တိုင်း၊ မှတ်တိုင်း အဲဒီ ငါးပါးမပါဘူးလား။

*(ပါပါတယ်ဘုရား…)*

အဲဒီ ငါးပါးပါတော့ ကုသိုလ်တွေ မရဘူးလား။

*(ရပါတယ်ဘုရား…)*

သမ္မာသတိတို့၊ သမ္မာသမာဓိတို့ အဲဒါ ကုသိုလ်တွေ။ အဲဒါကုသိုလ်ကော ပညာကော ရတယ်။

အဲဒီ…ကုသိုလ်ကို ခုနက တရားမနာတဲ့ ပုဂ္ဂိုလ်၊တရား

မလုပ်တဲ့ပုဂ္ဂိုလ်က သက်သက်အချိန်ဖြုန်းနေတာ၊ ထိုင်နေဘာဖြစ်မှာလဲ၊ ဒီလိုပြောတာမဟုတ်လား။ အဲ ထိုင်ပြီး ဆေးလိပ်သောက်ပြီးတော့ ဘိန်းစားနေတာ မဟုတ်ဘူး။ ဟုတ်တယ်မဟုတ်လား။ တရားရှုမှတ်နေတယ်ဆိုတာ ကုသိုလ်ရနေတာ၊ အလကား ထိုင်နေတာ မဟုတ်ဘူး။ရေဒီယိုနားထောင်ပြီး ထိုင်နေတာမဟုတ်ဘူး၊ သီချင်းနားထောင်ပြီး ထိုင်နေတာမဟုတ်ဘူး၊ ဗီဒီယိုကြည့်ပြီး ထိုင်နေတာမဟုတ်ဘူး၊ တရားရှုမှတ်ထိုင်နေတဲ့ ပုဂ္ဂိုလ်က ကုသိုလ်ကို အသချေ်ျ အနန္တ မရဘူးလား။

*(ရပါတယ် ဘုရား...)*

အဲဒီ ကုသိုလ်ကို အကုသိုလ်လို့ထင်တယ်။ အချိန်ဖြုန်းနေတာကွာ ကြည့်ပါလား၊ အလုပ်မလုပ်ချင်တဲ့ပုဂ္ဂိုလ်တွေ အချိန်ဖြုန်းနေတာ။ တရားထိုင်တဲ့ပုဂ္ဂိုလ်ကိုလေ။ အဲ တချို့က အဲဒီလို အထင်လွဲတာတွေမရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

တရားထိုင်တာတွေ ပုတီးစိပ်တာနေတာတွေကို အလုပ်မှမလုပ်ချင်ပဲကွာ ၊ လူပျင်းတွေဘဲ၊ လူပျင်းဆိုတာ ဒီလိုဘဲ အချိန်ဖြုန်းတာဘဲ။ အဲဒီ ပြောတဲ့ ပုဂ္ဂိုလ် အဝီစိကျနိုင်တယ်နော်အဲဒါ..ဓမ္မန္တရာယ်၊ပုညန္တရာယ်လို့ခေါ်တယ် အဲဒါ။

အဲဒီတော့ အကုသိုလ်ကိုကုသိုလ်လို့ထင်တယ် ။ ခုနက

လောဘဖြစ်နေတယ် သားတွေ၊ သမီးတွေ၊ ဇနီးတွေ၊ ခင်ပွန်းတွေ ခင်မင်တွယ်တာ မမြင်ရမနေနိုင်၊ မထိုင်နိုင် ဖြစ်နေတယ်။ အဲဒါ.. အကုသိုလ်တွေ။ အဲဒီ အကုသိုလ်ကို ကုသိုလ်လို့ထင်တယ်။ ဟုတ်တယ်မဟုတ်လား။

*(မှန်ပါတယ်ဘုရား...)*

ခုနက ရှုမှတ်နေတဲ့ ကုသိုလ်ကျတော့ အကုသိုလ်လို့ထင်တယ်။ ကပြောင်းကပြန် ဖြစ်မနေဘူးလား။

*(ဖြစ်နေပါတယ်ဘုရား...)*

အဲဒါ ဘယ်သူ့လက်ချက်ပါလိမ့်။

*(အဝိဇ္ဇာရဲ့လက်ချက်ပါဘုရား...)*

ဩော်အဝိဇ္ဇာရဲ့လက်ချက်။ အဲဒီအဝိဇ္ဇာကိုအခု တွန်းလှန်နေတာနော်သူတော်ကောင်းတို့။

အဲဒီ အဝိဇ္ဇာ အားကြီးတဲ့ အခါကျတော့ကာ ယောဂီတို့ ၊အဲဒီ အဝိဇ္ဇာက အားကြီးတော့ ဘာတွေ ဖြစ်ကုန်လဲဆိုတော့ သဒ္ဓါတွေလျော့၊ဝီရိယတွေလျော့၊ သတိတွေလျော့၊ ပညာတွေလျော့ အကုန်လျော့ကုန်တာဟုတ်လား၊ကောင်းမြတ်တဲ့တရားတွေအကုန်လျော့ကုန်တာ။ ကောင်းမြတ်တဲ့တရားတွေ အကုန်လျော့ကုန်တာဆိုတော့ အဟောင်းစားပေါ့ဗျာ။ အတိတ်တုန်းက ပါလာတဲ့ကုသိုလ်တွေကိုသူထိုင်စားနေတာ။ ပစ္စုပ္ပန်မှာ ကုသိုလ်ဘာမှ မလုပ်တော့ဘူး။ အဲဒီ.. ပုဂ္ဂိုလ်ဟာ လူဖြစ်နတ်ဖြစ်လည်း ခဏဘဲ၊ သေရင်အပယ်ရောက်ဖို့မကျိန်း





သေးဘူးလား။

*(ကျိမ်းသေပါတယ်ဘုရား . . .)*

အဲဒီတော့ သူဟာ အခု တကယ်လို့ ကုသိုလ်ကောင်းမှုတွေ အများကြီးလုပ်ထားလို့ သူခံစား၊ စံစားချင်လို့ ကုသိုလ်ကောင်းမှုတွေလုပ်တယ်။ ကုသိုလ်ကောင်းမှုတွေလုပ်ပြီးတော့ ခုနတုန်းက ဒိုက်ဖတ်တွေပေါ်မှာ မျောပါသွားတဲ့ ပုဂ္ဂိုလ်လိုပေါ့ဗျာ။ ကမ်းမရှာဘူး သူက။ ကမ်းမရှာရင် သူ မျောတော့မယ်မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

သူ အလွန်အကျွံ မျောနိုင်ရင် ရတနာသုံးပါး ဆိတ်သုဉ်းတဲ့ ဟိုး သာသနာပ အခါထိတော့ လူတွေနတ်တွေ ဖြစ်နိုင်တယ်၊ ကုသိုလ် လုပ်နေတာကိုး သူက။ ဘာ ကုသိုလ်လုပ်တာတုန်းဆို သူက ခံစားချင်၊စံစားချင်လို့ကုသိုလ်လုပ်တာလေ။

နံပါတ်(၃) ကသဒ္ဒါတရားတန့်နေတဲ့ပုဂ္ဂိုလ် ပြောနေတာနော်။ သဒ္ဒါတရားတန့်နေတဲ့ ပုဂ္ဂိုလ်က ဆုတ်ဖို့များတာပါဘဲ၊ အဲဒီတော့ ကုသိုလ် ကောင်းမှုတော့ လုပ်တယ်။ ကမ်းမရှာဘူး ဆိုတော့ သူမျောတော့မှာဘဲ။ (၁)နဲ့(၂)က မြုပ်မယ့်ပုဂ္ဂိုလ်ပေါ့ဗျာ။ (၃)ကဘယ်လိုပါလိမ့်။ အဲ မျောနေတဲ့ ပုဂ္ဂိုလ်။ မျောရင် သာသနာပ ရောက်သွားတဲ့ အခါကျတော့ ပညာရှိသူတော်ကောင်းတွေ ရှိပါတော့မလား။

*(မရှိတော့ပါဘူးဘုရား...)*

အဲ . . မရှိတော့ဘူး။ သူတော်ကောင်းတို့ မျှောရင်း မျှောရင်းနဲ့ ပင်လယ်ထဲရောက်သွားရင် မှီစရာ၊ တွယ်စရာ၊ ကိုင်စရာ၊ ယူစရာ ရှိပါတော့မလား။

*(မရှိပါဘူးဘုရား...)*

အဲ ..ငါးကြီးတွေ၊ မိကျောင်းကြီးတွေနဲ့ ကူးလို့ခတ်လို့ လည်း မရတော့ဘူးအဲဒီတော့မြုပ်ဖို့ကတော့မကျိန်းသေးဘူး လား။

*(ကျိမ်းသေးပါတယ်ဘုရား . . .)*

သူ ကုသိုလ်ကောင်းမှုလေးတော့ လုပ်ပါတယ်။ခံစား ဖို့ စံစားဖို့ နောက်ဘဝ သူဌေးဖြစ်ဖို့ နောက်ဘဝကျလို့ရှိရင် ဥစ္စာပေါဖို့၊ ရုပ်ချောဖို့ ဒီလောက်ကလေးလုပ်နေလို့ရှိရင် အဲဒီလို သာသနာပ အချိန်အခါများ ရောက်သွားလို့ရှိရင် အကုန်လုံး လူဆိုးလူမိုက်တွေနဲ့ ချည်းတွေ့ရမယ်။လူဆိုးလူမိုက် တွေကြားထဲမှာ ကိုယ်ကလည်းသွားပြီးတော့ လူဖြစ်တယ်ဆို ရင် ကိုယ်ကလည်း အဲဒီ ခေတ်တွေကူးပြီး လူဆိုးလူမိုက်ဖြစ်ဖို့ ကတော့ မကျိမ်းသေးဘူးလား။

*(ကျိမ်းသေပါတယ်ဘုရား . . .)*

အဲဒီလိုဆိုသေရင်ဘယ်ရောက်မလဲ။

*(အပါယ်လေးပါးရောက်မှာပါဘုရား...)*

အပါယ်လေးပါးရောက်မှာပေါ့။ လူဆိုးလူမိုက်တို့





သွားရာလမ်းကအပါယ်လေးပါးဘဲ မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အေး‥ အဲဒါကြောင့်မို့ ယောဂီတို့ အခုချိန်မှာ အေးအေးဆေးဆေး နေတဲ့ပုဂ္ဂိုလ်ဟာ နောင် အပါယ်လေးပါး ရောက်မှာဘဲ။ အခုချက်ချင်း မရောက်လည်းပဲလေ။ ကုသိုလ်ကောင်းမှုတွေ လုပ်နေလို့ အခုချက်ချင်းတော့ မရောက်သေးဘူး။ လူတွေနတ်တွေ ဖြစ်အုံးမယ်။ မျောအုံးမယ်ပေါ့ဗျာ။

နောက် သာသနာပ အခါကျတော့ ဝိပဿနာ ဟောမယ့်လူတွေ ရှိပါတော့မလား။

*(မရှိတော့ပါဘူးဘုရား . . .)*

အဲ‥ဝိပဿနာတင်မဟုတ်ပါဘူး၊ ဒါနသီလတွေလည်း ဘာမှမရှိတော့ဘူး၊ အကုန်လုံး ဆိတ်သုဉ်းကုန်ပြီ။ လူတွေဟာ လူပုံစံနဲ့ တိရစ္ဆာန်စိတ်တွေ ပေါက်ကုန်ပြီ။ ဘာမှ သားတွေ၊ မယားတွေ၊ မိဘတွေ၊ ညီအကိုမောင်နှမတွေ ဒီလိုစိတ်တွေ မရှိတော့ဘူး။ တိရစ္ဆာန်တွေလို ဖြစ်ကုန်လိမ် ့မယ်။ အဲဒီကျတော့ နိုင်ရာစားတွေ ဖြစ်ကုန်တယ်။ တိရစ္ဆာန်တွေက နိုင်ရာစားမဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အဲဒီကျတော့ နိုင်ရာစားဖြစ်နေတော့ အကုသိုလ်တွေ ။ မများဘူးလား။

*(များပါတယ်ဘုရား...)*

အဲဒီအခါကျမှ လူသွားဖြစ်လို့ရှိရင် ကိုယ်က မဂ်ဉာဏ် ဖိုလ်ဉာဏ်မှ ရမှမရတာကိုး။ မဂ်ဉာဏ် ဖိုလ်ဉာဏ်မှ မရတော့ အဲခါကျတော့မှ လူဖြစ်ကော။ လူဖြစ်တဲ့ အခါကျတော့ အကုသိုလ်တွေများပြီးတော့ သေတော့ အပယ်မရောက်နိုင်ဘူးလား။ ရောက်နိုင်ပါတယ်ဘုရား။

ယောဂီတို့ ဒီအချိန်ဟာ အင်မတန် အရေးကြီးနေတယ်နော်။

*(မှန်လှပါဘုရား။)*

အခု ဒါ နံပါတ်ဘယ်လောက် ရောက်သွားပြီတုန်း။ နံပါတ်(၃) ပုဂ္ဂိုလ်ရောက်သွားပြီနော် သူတော်ကောင်းတို့။ ကမ်းမရှာဘဲနဲ့ လေချွန်ပြီးတော့ မျောတဲ့ပုဂ္ဂိုလ်ကိုပြောနေတာနော်။

တရိုဝိပဿနာ မလုပ်ဘူးလေ၊ ကုသိုလ်တော့လုပ်ပါတယ်။ အထိုက်အလျောက် ဘုရားတရားသံဃာလည်း ရှိသေတယ်။ ဟာ.. ဒါနလည်းပြုတာဘဲ။ သူများပြု စိုင်းပြုတာဘဲ၊ ဝေယျာဝစ္စလုပ်စရာရှိလည်းလုပ်တာဘဲ၊ကုသိုလ်တော့လုပ်တယ်နော် သူတော်ကောင်းတို့။ သစ္စာတရား နာလည်း မနာဘူး၊ အားလည်း မထုတ်ဘူး၊

အဲဒီလိုလူတွေလည်း မရှိဘူးလား။

*(ရှိပါတယ် ဘုရား...)*

အဲဒီလို ပုဂ္ဂိုလ်တွေဟာ မျောမယ့်ပုဂ္ဂိုလ်တွေ။





ဒိုက်ဖက်ပေါ်မှာ မျောသွားတယ်။ သူမျောသွားတာ ပင်လယ်ထဲမျောသွားတာကို သူ အမြော်အမြင်မှ ရှိမှမရှိဘဲ။ ပင်လယ်ထဲရောက်သွားရင်ငါတော့သေတော့မှာပဲဆိုတာသူ သိရဲ့လား။

*(မသိပါဘူးဘုရား . . .)*

အခုဝိပဿနာ မလုပ်တဲ့ သူတွေဟာလည်း အမြော်အမြင်မရှိတဲ့ ပုဂ္ဂိုလ်တွေ။ အဲ . . . သားရေး၊ သမီးရေး၊ စီးပွားရေးလေး လုပ်လိုက်၊ ပျော်ပွဲ ရွှင်ပွဲလေးကြည့်လိုက်၊ ဩကာသ ဩကာသလုပ်လိုက်၊ လှူစရာရှိတာလေး လှူလိုက်။ ဒီလို လုပ်နေတာ မဟုတ်လား။ မိစ္ဆာဒိဋ္ဌိတော့ မဟုတ်ဘူးနော်။

*(မှန်ပါတယ်ဘုရား...)*

မိစ္ဆာဒိဋ္ဌိတော့ မဟုတ်ဘူးတဲ့။ ဘုရားစင်ကြီးကို ဟီးနေအောင် လုပ်ထားတဲ့ ပုဂ္ဂိုလ်တွေ။ ဝိပဿနာမလုပ်တဲ့ ပုဂ္ဂိုလ်တွေပြောနေတာ။ ဝိပဿနာမလုပ်ဘဲနဲ့ဘုရား၊ တရား၊ သံဃာလောက်ပဲ ကိုးကွယ်နေတာ ဆိုတော့ ရိုးရိုး ကုသိုလ် လောက်ကလေးနဲ့တင်းတိမ်းနေတဲ့ ပုဂ္ဂိုလ်မဟုတ်လား။ ဝါးတွေ တိုင်တွေပေါ်မှာ တက်အိပ်ပြီးတော့ လေချွန်ပြီးတော့ ပါသွားတဲ့ ပုဂ္ဂိုလ်နဲ့ မတူဘူးလား။

*(တူပါတယ်ဘုရား . . .)*

သဘောပါရဲ့လား။

*(ပါပါတယ်ဘုရား။)*

အဲဒီ ပုဂ္ဂိုလ်တွေကို အတုခိုးရမှာလား၊ ရှောင်ရမှာလား။

*(ရှောင်ရမှာပါဘုရား...)*

မြုပ်မယ့် ပုဂ္ဂိုလ်တွေ။မြုပ်မယ့်ပုဂ္ဂိုလ်တွေ။အခုပြီး သလောက်နောင်မဲ့ရလိမ့်မယ်အဲဒါ။

မိုးကုတ်ဆရာတော်ဘုရားကြီး ဟောထားတဲ့ အခွေတွေမှာ သိပ်ကောင်းတာပါဘဲ။ ခင်ဗျားတို့ပျော်ချိန်မတန်ပဲနဲ့ ပျော်နေတဲ့ ပုဂ္ဂိုလ်တွေ နောက်ကျတော့ ငိုရလိမ့်မယ်တဲ့။ ပျော်ချိန်မတန်သေးဘဲနဲ့ ပျော်နေတယ်ဆိုတာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသေးပဲနဲ့ ပျော်နေတဲ့ ပုဂ္ဂိုလ်တွေ။ လောကမှာ အဲဒီပုဂ္ဂိုလ်တွေမများဘူးလား။

*(များပါတယ်ဘုရား...)*

မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသေးတော့ အပယ်တံခါးတွေက ဟင်းလင်းပွင့်နေတယ်။ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်က ဟင်းလင်းပွင့်နေတယ်။ အဲဒါကိုများ အမလေး ပျော်နေလိုက်ကြတာဗျာ။ ယောဂီတို့ ပျော်နေတာတွေ မတွေ့ဘူးလား။

*(တွေ့ပါတယ်ဘုရား...)*

အမလေး ပျော်လိုက်တဲ့ ဖြစ်ခြင်းကိုမှ မချိမဆန့်ကို ပျော်နေတာဘဲ။ပျော်လိုက်တာ ပျော်လိုက်တာများ သူတို့မှာ

ပြုံးပျော်နေလိုက်ကြတာ တခါတည်း။ ဘေးကလူတွေကလည်း အားကျတယ်လေ။ ဩော် ငါတို့လည်း ဘယ်တော့များမှ အပယ်ရောက်ပါ့မလဲ။ သူတို့နဲ့အတူတူ ရောက်ချင်တယ်။ အဲဒီ သဘောမျိုးတွေ ဖြစ်မနေဘူးလား။

*(ဖြစ်နေပါတယ်ဘုရား။)*

ရှေ့ကလူကလည်း မမြင်။ နောက်ကလူကလည်း တုတ်ဆွဲပေါ့ဗျာ။ အဲဒါကြောင့် မိုးကုတ်ဆရာတော်ဘုရားကြီးက ခင်ဗျားတို့ ပျော်ချိန်မတန်ပဲနဲ့ မပျော်နဲ့။ ပျော်ချိန်မတန်သေးပဲနဲ့ ပျော်နေတဲ့ ပုဂ္ဂိုလ်ဟာ အဲဒါ ကိုယ့်ရဲ့ဘေးကို ကိုယ်မမြင်တဲ့ ပုဂ္ဂိုလ်တွေ။

*"ဘေးကိုမမြင်ခေတ်လျှင်ချထား*
*စောင့်စားပါရမီဒွိဟိတ်မည်နှင့်*
*တစ်လီဓိပတိတ်ကျဲ်ငါးစိတ်သည်*
*တိရစ်ဘုံစဉ်စံဖို့တည်း။"*

ဘေးကို မမြင်ဆိုတာ...

ဘေးကို မမြင်ဆိုတာ ကိုယ်လာမယ့်ဘေးကို မမြင်တာ။ တရားကို အသာ ထားလိုက်အုံး ယောဂီတို့ လောကီဘက်ကို ခဏကြည့်ရအောင် ဥပမာအနေနဲ့ ။ တချို့အိမ်ထောင်ဦးစီးတွေ ဖြစ်နေတယ်။ စားဝတ်နေရေးဘေးကို မမြင်တဲ့ အိမ်ထောင်ဦးစီးတွေ

မရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

အရက်သောက်၊ ဖဲရိုက်၊ လုပ်ချင်တာ လုပ်နေတာလေ။ ကိုယ့် မိသားစုကို ကိုယ်လုပ်ကျွေးဖို့ တာဝန်ရှိတယ် မဟုတ်လား။ ယောဂီတို့ လောကီနဲ့ လောကုတ္တရာကို မျှတြည့်မှ ပိုပြီး ထင်ရှားတာနော်။ လောကီကို ထည့်ပြောတာ လောကီကို သာယာစေချင်လို့ အားပေးတာ မဟုတ်ဘူး။ ဥပမာထင်ရှားအောင်ပြောတာ။ လောကီမှာ အိမ်ထောင်ပြုပြီးတော့ ကိုယ့် မိသားစု အရေး၊စားဝတ်နေရေးကို ဘာမှ ဂရုမစိုက်ပဲနဲ့ ဖြစ်ကတက်ဆန်းနေတဲ့ ပုဂ္ဂိုလ်တွေ မရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

အဲဒီဘေးမမြင်တဲ့ ပုဂ္ဂိုလ်တွေပေါ့။ ဘေးမမြင်တဲ့ ပုဂ္ဂိုလ်တွေ။ နောက်ကျတော့ မိသားစုတွေ ဒုက္ခမရောက်ဘူး လား အဲဒါ။

*(ရောက်ပါတယ်ဘုရား...)*

လောကီပိုင်းဆိုင်ရာ လောကီပိုင်းဆိုင်ရာ။ လောကုတ္တရာပိုင်းဆိုင်ရာလည်း ဒီအတိုင်းဘဲ ဘေးမမြင်ဘူးတဲ့။ စားဝတ်နေရေးတော့ မြင်ပါတယ်။ သူတို့ ချမ်းသာဖို့ ချမ်းသာဖို့မြင်ပါတယ်။ အချိန်မရွေး သေနိုင်တယ်ပေါ့။ သေလို့ရှိရင် ငါပုထုဇဉ်ဘဲ ရှိသေးတယ်။ အပယ်လေးပါး ကျနိုင်သေးတယ်။ အဲဒါကိုမမြင်တဲ့ပုဂ္ဂိုလ်တွေက ပိုမများဘူးလား။





*(များပါတယ်ဘုရား . . .)*

အပယ်လေးပါးကျမယ့်ဘေးကို မမြင်တာ။ အဲဒါဘေးကို မမြင်ဆိုတာ အဲဒါကို ပြောတာ။ လာမယ့်ဘေးကို မမြင်ကြဘူး။ ဘေးတွေကလည်း အင်မတန် မများဘူးလားဗျာ။

*(များပါတယ်ဘုရား . . .)*

သူတော်ကောင်းတို့ဘေးဆိုတာ ရိုးရိုးသေမယ့်ဘေးတင်မဟုတ်ဘူး။ဝဋ်ကြွေးတွေကလည်းရှိသေးတယ်။ ဟိုတုန်းက သူများကို သူတော်ကောင်းတို့ ကျိုးအောင်၊ ကန်းအောင်၊ ပဲ့အောင်လုပ်ထားတဲ့ ကံကြမ္မာတွေရှိရင် အခုဘဝမှာလည်း ကျိုးဖို့၊ ကန်းဖို့ဟာတွေက ဘယ်အချိန်ဆိုက်မယ်ဆိုတာ ပြောနိုင်ပါ့မလား။

*(မပြောနိုင်ပါဘူးဘုရား . . .)*

ကဲ ဘေးတွေ၊ ရန်တွေ၊အန္တရာယ်တွေမများဘူးလား။

*(များပါတယ်ဘုရား . . .)*

ကိုယ်ဟိုတုန်းက သူများကို မတရားလုပ်ခဲ့တဲ့အကုသိုလ် ကံတွေ ပါရင်အခုလည်းပဲ ခုဘဝမှာ ပြန်ပြီးတော့ မတရားသတ်ခံရမယ်၊ မတရား ညှင်းဆဲခံရမယ်။ ဒါတွေဟာလည်းဘဲ ဘယ်အချိန်ဆိုက်မယ်ဆိုတာ ပြောနိုင်ပါ့မလား။

*(မပြောနိုင်ပါဘူးဘုရား . . .)*

ဟာ မပြောနိုင်လို့ရှိရင် ဘာလုပ်သင့်လဲ။

*(ဝိပဿနာတရားကို အားထုတ်သင့်ပါတယ်ဘုရား)*

အေး .. အဲဒါ အဲဒီကို ရောက်ရမှာ သူတော်ကောင်းတို့။ တရားနာရင်းနဲ့ ပြီးသွားမှာစိုးလို့ သတိပေးနေတာနော်။

*(မှန်လှပါဘုရား...)*

ဒီနေ့ကတော့ လူကောင်းပဲဗျာ ကောင်းကောင်းမွန်မွန်။ နောက်နေ့ကျတော့ တခါတည်း ကျိုးပဲ့ပြီးတော့ မသေဘူးလို ပြောနိုင်ပါ့မလား။

*(မပြောနိုင်ပါဘူးဘုရား...)*

ဘေးတွေ ဘေးတွေကိုပြောနေပါတယ် သူတော်ကောင်းတို့။ ဒီနေ့ကတော့ ဗုဒ္ဓဘာသာဘဲတဲ့။ ဩကာသ ဩကာသလုပ်နေကြတယ်၊ နောက်နေ့ကျတော့ ဘုရားပုံကို ခြေထောက်နဲ့ တက်နင်းတဲ့ ပုဂ္ဂိုလ်မဖြစ်ဘူး ပြောနိုင်ပါ့မလား။

*(မပြောနိုင်ပါဘူးဘုရား...)*

ဒီနေ့ကတော့ ဗုဒ္ဓသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဘုရားဒကာ၊ ကျောင်းဒကာဘဲ။ နောက်နေ့ကျတော့ ဘုရား၊ တရား၊ သံဃာ ကော်ဆဲတဲ့ ပုဂ္ဂိုလ် မဖြစ်ဘူးလို့ ပြောနိုင်ပါ့မလား။

*(မပြောနိုင်ပါဘူးဘုရား...)*

ကဲဘေးတွေရန်တွေမများဘူးလား။

*(များပါတယ်ဘုရား...)*

ဘေးတွေရန်တွေအန္တရာယ် တွေများလို့ရှိရင် အခု ဘာလုပ်မလဲ။

*(ဝိပဿနာတရား အားထုတ် ရမှာပါဘုရား...)*

အေး ဘေးတွေ ရန်တွေ မလာခင် မြန်မြန်ဆန်ဆန် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရအောင် တရားအားထုတ်ပါ။ ဒီကို ရောက်အောင်ယူရမှာနော်။

ယောဂီတို့က ပညာရှိလို့ အခု အားထုတ်တာဗျ။ ယောဂီတို့ဘီအေ(B.A)၊ ဘီအက်စီ (B.Sc) ကိုပြောတာမဟုတ်ဘူးနော်။လောကုတ္တရာပညာကို လှမ်းပြီး အမြော်အမြင်ရှိလို အားထုတ်တာ။ တစ်နာရီရရ နှစ်နာရီရရ ဟော့ တို့ကြိုးစားမယ်၊ အားထုတ်မယ်၊ တရားနာမယ်။ ဘယ်အချိန် သေမယ်မှန်းမသိဘူး။ ဘယ်အချိန် ဘေးက ဘယ်လိုဆိုက်မှန်းမသိဘူး။ နောက်နေ့ နောက်နေ့တွေ မဆိုင်းနိုင်ဘူး။ ရတဲ့ အချိန်ကြိုးစား အားထုတ်မယ်။ ဒါဘေးမြင်တဲ့ ပုဂ္ဂိုလ်က ကဲ ကုသိုလ် မရဘူးလား။

*(ရပါတယ်ဘုရား...)*

ဘေးမမြင်တဲ့ ပုဂ္ဂိုလ်ကတော့၊ ဟိုအကြောင်း၊ ဒီအကြောင်း၊ ဟိုကိစ္စ၊ဒီကိစ္စ၊ ဟာ ကိစ္စတွေက ပြီးနိုင်တယ်မှ မရှိပဲ။ ကိစ္စတွေက တစ်ခုပြီး တစ်ခု၊ တစ်ခုပြီး တစ်ခုဆက်နေတာ။ သေတဲ့အထိ ပြီးပါ့မလား။

*(မပြီးပါဘူးဘုရား...)*

မပြီးတဲ့ ကိစ္စတွေလုပ်နေတာနဲ့ဘဲ တရားက မရတော့ဘူး။ ယောဂီတို့သေချာတွေးပါ။

နံပါတ်(၃) ပုဂ္ဂိုလ်ကို ပြောနေပါတယ်။ နံပါတ်(၃) ပုဂ္ဂိုလ်က သူကညစ္စာပေါ်၊ ရုပ်ချောရင် တော်ပြီလေ။ ခံစားဖို့၊ စံစားဖို့လုပ်တာကိုဗျ။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရဖို့လုပ်တာမှ မဟုတ်ဘဲ။ အဲဒီတော့ သူက ကမ်းကိုမရှာဘူး။ ကမ်းမရှာဘူးဆိုတာက ဝိပဿနာကို မလုပ်ဘူး ဒါကိုပြောတာ။ ကမ်းမရှာတဲ့ ပုဂ္ဂိုလ်က ဘေးကို မမြင်လို့၊ "ဘေးကိုမမြင် ခေတ်လျှင်ချထား" တဲ့။တချို့ကခေတ်ကိုချထားတယ်။ ဒီခေတ်ကြီးက ရမယ့်ခေတ်မဟုတ်ပါဘူးတဲ့။ရတဲ့ပုဂ္ဂိုလ်တွေ တပုံကြီး သူသိမှ မသိပဲ။ ခေတ်ကို ချထားတဲ့ ပုဂ္ဂိုလ်တွေကလည်း မရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

ဒီခေတ်ကြီးကကွာ ဆုတ်ကပ်ခေတ်ကြီးပါ။ ဘယ်ရနိုင်ပါ့မလဲ။ဘုရားလက်ထက်တုန်းကမှ ရကြတာ။ တို့ခေတ်ကြီးက အကုန်လုံး ဆုတ်ကပ်တွေဖြစ်နေတာ။ အစစ အရာရာ ရှားပါးပြီးတော့ အစစ အရာရာ ဒုက္ခရောက်နေတာ။ ဟာ အဲဒါနဲ့ မဆိုင်ပါဘူး။ အခု ပိဋကတ်သုံးပုံ ရှိနေသေးတယ်ဗျ။ ပိဋကတ်သုံးပုံ ဆောင်တဲ့ဆရာတော်ဘုရားကြီးတွေလည်း ရှိမနေဘူးလား။

*(ရှိနေပါတယ်ဘုရား...)*

သူ့ဘာသူ စီးပွားရေးတွေ ဘာတွေညာတွေ တက်ခဲ ကျတာ ကိုယ်နဲ့မဆိုင်ပါဘူး။ အဓိက က ဟောမယ့်ပြောမယ့် သစ္စာတရား ဟောမယ်ဆရာသမားတွေရှိတယ်။ သစ္စာတရား ကျင့်ကြံကြီးကုတ် အားထုတ်တဲ့ ယောဂီတွေလည်း အများကြီး





ရှိတယ်နော်။ အဲ ကိုယ်က ကိုယ့်အိမ်ထဲမှာ ကုတ်နေလို့ မသိတာ။ ရိပ်သာတွေမှာ အများကြီးရှိတယ်ဗျ။ နိုင်ငံခြားကလာအားထုတ်တာတွေလည်း အများကြီးဘဲ။ အဲဒီတော့ သစ္စာတရားပြမယ့်သူလည်းရှိတယ်။ သစ္စာတရားအားထုတ်တဲ့ ယောဂီလည်း ရှိတယ် ဆိုတော့ဒီအချိန်က သာသနာ မဆိတ်သုဉ်းဘူး။ သာသနာ ထွန်းတောက်နေတဲ့ အချိန်။ အဲဒါကို တချို့က ခေတ်ချထားတာ မရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

ဒီခေတ်ကြီးကကွာ တရားရမယ့် ခေတ် မဟုတ်ပါဘူးဆို။ "ဘေးကိုမမြင် ခေတ်လျှင်ချထား"တဲ့။

တချို့ကျတော့ နည်းနည်းပါးပါး ဗဟုသုတရှိတဲ ပုဂ္ဂိုလ်ကျတော့ ပါရမီလွှဲချတယ်။ ငါက ပါရမီနည်းသေးတယ်တဲ့ ။ တစ်စက်မှ မဖြည့်ပဲနဲ့ အဲဒီပါရမီက ပြည့်ပါ့မလား။

*(မပြည့်ပါဘူးဘုရား...)*

ပါရမီလွှဲချရတာနဲ့၊ ခေတ်လွှဲချရတာနဲ့။ အဲ...ဒုက္ခရောက်ချင်တဲ့ ပုဂ္ဂိုလ်တွေပေါ့ဗျာ။ ခေတ်ကြီးက မကောင်းပါဘူးဆိုပြီးတော့ ခေတ်လွှဲချတယ်။ဟာ ငါက ပါရမီလိုသေးတယ်တဲ့။ပါရမီလိုသေးတဲ့ပုဂ္ဂိုလ်က ဘာလုပ်နေလဲတဲ့။ အကုသိုလ်လုပ်နေတယ်။ အဲဒီ ပါရမီကြီးက ပြည့်ပါ့မလား။

*(မပြည့်ပါဘူးဘုရား...)*

ပါရမီလိုတယ်ထင်ရင် ဖြည့်ပေါ့။ ပကတိသာဝက

မှာ ပါရမီ မလိုဘူးတဲ့။ အခု သာသနာတော်ကြီးနဲ့တွေ့တယ် လူလည်းဖြစ်နေတယ်၊သစ္စာတရားဟောတဲ့ဆရာသမားလည်း တွေ့တယ်၊ ကိုယ်ကိုယ်တိုင်လည်းဘဲထောင်နိုင်တဲ့ ဉာဏ်နားရှိ တယ်ဆို အားထုတ်ဖို့ဘဲ ကျန်တော့တယ်မဟုတ်လား။ အဲဒါ ကြံဖန်ပြီးတော့ အမျိုးမျိုး ဆင်ခြေမြင်းခြေ ပေးနေတယ် ဆိုတာကိုယ်ဟာကို ဒုက္ခရောက်ချင်လို့။ ဟုတ်တယ်မဟုတ် လား။

*(မှန်ပါတယ်ဘုရား...)*

"ဘေးကိုမမြင် ခေတ်လျှင်ချထား၊ စောင့်စားပါရမီ ဒွိဟိတ်မည်နှင့်" တချို့ကလည်း နည်းနည်းပါးပါး သင်္ဂြိုလ်တွေ ဘာတွေ သင်ထားတာ ရှိမှာပေါ့လေ။ ဟာရ ငါတို့က ဒွိဟိတ်နဲ့ တူတယ်။ ဒါတွေက တိဟိတ်သမားတွေ့ရတာ။

ဒွိဟိတ်ကရတာမဟုတ်ဘူး။ ဒွိဟိတ်ကတစ်သက်လုံး အားထုတ် ရတာမဟုတ်ဘူးပေါ့။ အဲဒီတော့ မရမယ့်အတူတူ တော့ အားမထုတ်တော့ဘူး။ ဒီလိုလုပ်ပစ်တာ။ ဒွိဟိတ်လည်း အားထုတ်ရမှာဘဲ။ ဒွိဟိတ်၊ တိဟိတ်ဆိုတာ ကိုယ်ကသိပါ့မလား။

*(မသိပါဘူးဘုရား...)*

ကိုယ့်တာဝန်က အားထုတ်ရမှာဘဲ။ ဒွိဟိတ်ဆိုရင် နောက်ဘဝတိဟိတ်ဖြစ်မယ်။ တိဟိတ်ဖြစ်တော့ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရမှာပေါ့။ ဒွိဟိတ်ဆိုပြီး အားမထုတ်တဲ့ ပုဂ္ဂိုလ်က နောက်ဘဝကျတော့ အဟိတ်ဖြစ်ပြီးတော့ အပယ်ကျသွား





တော့ ကဲ လူဖြစ်ပါတော့မလား။

*(မဖြစ်တော့ပါဘူးဘုရား . . .)*

ဒွိဟိတ်ဖြစ်ဖြစ်၊ တိဟိတ်ဖြစ်ဖြစ် ဘာဟိတ်ဖြစ်ဖြစ် ကိုယ်ကဘာလုပ်ရမှာလဲ။

*(အားထုတ်ရမှာပါဘုရား . . .)*

ရတာမရတာ တရားရဲ့တာဝန်၊ ကိုယ့်တာဝန် မဟုတ်ဘူး။ မိမိရဲ့ တာဝန်က အားထုတ်ရမှာဘဲ။ မိမိရဲ့တာဝန်က အားထုတ်ရမှာ။ ကိုယ်ရတဲ့အချိန် တစ်နာရီရရ၊ နှစ်နာရီရရ ရသလောက်ကို အားထုတ်ရမှာ။

"တစ်လီဓိပတိတ်" တစ်လီဓိပတိတ်ဟာ အဓိပတိ ပုဂ္ဂိုလ်ကြီးတွေမှရရမှာ။ အနာထပိဏ်တို့၊ ဝိသာခါတို့မှရတာ။ တို့က ဒီလိုချမ်းသာတာလည်းမဟုတ်ဘူး၊ ဉာဏ်လည်းရှိတာလည်း မဟုတ်ဘူး၊ဘယ်ရနိုင်ပါ့မလဲ။

ဟာ . . သူ့ဆုတောင်းနဲ့သူရတာ။ တချို့သူတောင်းစား တွေ တောင်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရသွားတာတွေ မရှိဘူးလား။

*(ရှိပါတယ်ဘုရား . . .)*

အနာထပိဏ်လို၊ ဝိသာခါလို သူဌေးဖြစ်မှ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတာ မဟုတ်ဘူးဗျ။ ဆင်းရဲသားတွေ ရသွားတာတွေလည်း အများကြီးရှိတာဘဲ။ လူတွေလည်း ရတာဘဲ၊ နတ်တွေလည်းရတာဘဲ၊ အားထုတ်ရင်ရတာဘဲမဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အဲဒါကို အဓိပတိပုဂ္ဂိုလ်ကြီးတွေမှ ရမှာ၊ ငါတို့က ကျကျနနလည်း တရားလည်းအားထုတ်ခွင့်မရဘူး။ သားနဲ့သမီးနဲ့ အလုပ်တွေကလည်း ရှုပ်နေရမှာ မဟုတ်တော့ပါဘူး။ လုပ်ဖြင့် မလုပ်ရသေးဘူး အားလျော့တာအရင်ဘဲ။ အဲဒီပုဂ္ဂိုလ် ရပါတော့မလား။

*(မရတော့ပါဘူးဘုရား . . .)*

ဘယ်လိုအခြေအနေဘဲဖြစ်ဖြစ် ဒါ အနတ္တတရားဘဲ။ အနတ္တတရားက ကိုယ်ပစ္စုပ္ပန် အချိန်ကို အကောင်းဆုံး ကြိုးစားရမှာ။ သားတွေ၊မယားတွေ၊ ရတာမရတာတွေက အကြောင်း မဟုတ်ဘူး။ သားမယားရှိရှိ၊ မရှိရှိ၊ ရတဲ့အချိန်လေး ကြိုးစားရမယ်။ ဒီလိုမဟုတ်လား သူတော်ကောင်းတို့။ အဲဒီလို အမြော်အမြင်မရှိတဲ့ ပုဂ္ဂိုလ်ဟာ နံပါတ်(၃)ပုဂ္ဂိုလ်၊ မြောနေတဲ့ပုဂ္ဂိုလ်။

အကြောင်းအမျိုးမျိုးပြပြီး တချို့ကလည်းပဲ တရားအားထုတ်တဲ့ ပုဂ္ဂိုလ်ကို ဘုရားဖြစ်မယ့်အုတ်နီခဲတို့၊ ဘာတို့ ကဲ့ရဲ့တာ ရှိသေးတယ်လေ။ အားထုတ်တဲ့ ပုဂ္ဂိုလ်ကတော့ အုတ်နီခဲ မဖြစ်ဘူး။ သူပဲဖြစ်လိမ့်မယ်။ အုတ်နီခဲဆိုတာ ရေထဲချလိုက်ရင် ဘာဖြစ်မလဲ။

*(မြုပ်မှာပါ ဘုရား . . .)*

သူတော်ကောင်း တရားအားထုတ်တဲ့ပုဂ္ဂိုလ်ကို ကဲ့ရဲ့တာတို့၊ အနှောင့်ယှက်ပေးတဲ့ပုဂ္ဂိုလ် အကုသိုလ်ကြီးတယ်။ အဲဒါ သေရင် အပယ်ကျမှာဘဲ။ ဘုရားဖြစ်မယ့် အုတ်နီခဲတို့ ဘာတို့ သူက လျှောက်ပြီးတော့ သူများကဲ့ရဲ့တော့ နောက်




ကျတော့ သူဘဲ အကုသိုလ်ဖြစ်နေတာ။

နံပါတ်(၃) ပုဂ္ဂိုလ်ကို ချဲ့ပြောနေတာနော်။

*(မှန်လှပါဘုရား . . .)*

လောကမှာ နံပါတ်(၃) ပုဂ္ဂိုလ်တွေ မများဘူးလား။

*(များပါတယ်ဘုရား . . .)*

ခုနတုန်းက တခါတည်း တန်းကျမယ့်ပုဂ္ဂိုလ်က နံပါတ်(၁)နဲ့ နံပါတ်(၂)။ နိယတမိစ္ဆာဒိဋ္ဌိရယ်၊ ပဉ္စာနန္တရိယကံကျူးလွန်ထားတဲ့ပုဂ္ဂိုလ်တန်းပြီးတော့ မြုပ်မယ်။နည်းနည်းလေးတစ်ဘဝ၊နှစ်ဘဝလောက် နေပြီးတော့မြုပ်မယ့်ပုဂ္ဂိုလ်က သဒ္ဓါတရားတွေ ဆုတ်ယုတ်နေတဲ့ ပုဂ္ဂိုလ်၊ အကုသိုလ် တွေ များတဲ့ ပုဂ္ဂိုလ်၊ သူလည်းကျမှာဘဲ၊ မြုပ်မှာဘဲ။ ဒီတော့ နံပါတ်(၃) ပုဂ္ဂိုလ်က ကုသိုလ်ကောင်းမှုတွေတော့ လုပ်ပါတယ်တဲ့။ ကမ်းမရှာဘူး။ ကမ်းမရှာဘူး။ဝိပဿနာတရား နာလည်းမနာဘူး၊ အားလည်း အားမထုတ်ဘူး။ ကုသိုလ်တော့ လုပ်တယ်။ ဘာဖြစ်လို့ ကုသိုလ်လုပ်တာလဲ။ ခံစားဖို့၊ စံစားဖို့၊ တဏှာကြီးနဲ့ လုပ်တာနော်။

တချို့ကျတော့ ဒေါသနဲ့လုပ်တာ ရှိသေးတယ်။ တချို့ကျတော့ ဒီလူကငါ့ကို မတရားလုပ်ထားတယ်။ နောက်ဘဝကျရင် ပြန်ပြီး လက်စားချေနိုင်ရပါလို၏ အဲဒီလိုလုပ်တာတွေလည်း မရှိဘူးလား။

*(ရှိပါတယ်ဘုရား . . .)*

လောဘ၊ ဒေါသနဲ့ လုပ်တယ်ဆိုကတည်းက သူ့မှာအကုသိုလ် ကပါနေပြီ။ နောင်ပြန်ပြီးတော့ သူဘီလူးဖြစ်မယ်၊ ဘာဖြစ်မယ်၊ တစ်ခုခုဖြစ်မယ်ဆိုတော့ ပြန်ပြီးတော့ လက်စားချေတော့ အကုသိုလ် မများဘူးလား။

*(များပါတယ်ဘုရား…)*

အဲဒီတော့ သူမျောနေတာဟာ ဘယ်အတွက် မျောနေတာလဲ။

*(မြုပ်ဖို့အတွက် မျောနေတာပါဘုရား…)*

အဲ..မြုပ်ဖို့အတွက် အရှိန်ယူနေတာ။ ဝဲထဲမှာ ချာလပတ်လည်နေတဲ့ သစ်ရွက်လေးတွေကြည့်ပါလား။လည်လည် လည်လည် နောက်ပိတ်ဆုံးကျတော့ ဘာဖြစ်သွားတုန်း။

*(မြုပ်သွားပါတယ်ဘုရား…)*

အေး..မျောချင်တဲ ပုဂ္ဂိုလ်များ၊ အမျောကြိုက်တဲ့ ပုဂ္ဂိုလ်များ မြုပ်ပါလိမ့်မယ်ဗျာ။ ဒို့သူငါဟာ အဲဒီထဲမှာ ပါတာ များတာ။ ပေါတဲ့ သူရော၊ နာတဲ့ သူရော လေ။ သေချာစဉ်းစားကြည့်ပါ။ အခုကတော့ မဟုတ်ဘူးပေါ့ဗျာ၊ ဟိုတုန်းကလေ။ ဟိုတုန်းက အဲဒီလိုအမျောကြိုက်ခဲ့လို့ အခုထိမျောလာတာ မဟုတ်လား။

*(မှန်လှပါဘုရား…)*

ဂဂ်္ဂါဝါဠုသဲစုမက ဘုရားတွေ အကုန်လုံးရှောင်တိမ်း ပြီးတော့၊ မလွတ်လွတ်အောင် ရှောင်ပြီးတော့ မျောလာတာ




အခုဒီရောက်လာပြီလေ။ အခု ဒီနားရောက်လာပြီ ဟုတ်တယ် မဟုတ်လား။ မျောလိုက်တဲ့နေရာမှာ၊ ဘုရားတရားသံဃာကို ရှောင်တဲ့နေရာမှာ တေဒဂ်ဘွဲ့ရတယ်တဲ့။ ကောင်းတဲ့တေဒဂ် တော့မဟုတ်ဘူးနော်၊ ဒုက္ခရောက်မယ့်တေဒဂ်။

ဘုရားကိုရှောင်တတ်တယ်၊ တရားကိုရှောင်တတ်တယ်၊ သံဃာကိုရှောင်တတ်တယ်၊ တရားပွဲကိုရှောင်တတ်တယ်၊ တရားထိုင်တာကိုရှောင်တတ်တယ်၊ တရားရိပ်သာကိုရှောင် တတ်တယ်၊ ကောင်းတာမှန်သမျှကို ကျင်ကျင်လည်လည် မရှောင်တတ်ဘူးလား။

*(ရှောင်တတ်ပါတယ်ဘုရား...)*

အမလေး အပြောလေးက အင်မတန် ချိုသာတာပဲ တဲ့။ မိုးကုတ်ဆရာတော်ဘုရားကြီးက။ ခင်ဗျားတို့ မြို့အပြော၊မြို့ အသုံးအနှုန်းတွေက အင်မတန်ကြောက်ဖို့ကောင်းတယ်။ ဟိုကိစ္စလေးရှိလို့၊ ဒီကိစ္စလေးရှိလို့၊ တပည့်တော် လုပ်မလို့ သေချာစဉ်းစားထားပါတယ်၊ လုပ်ကိုလုပ်မှာ။ တကယ့်သူတော် ကောင်းကြီးတော့ မအောက်မေ့လိုက်နဲ့။ သူပြောနေတာ ရှောင်ဖို့လို့ လျှောက်ပြီးတော့ စကားတွေခင်းနေတာမဟုတ်လား။ လုပ်မလို့၊ လုပ်မလို့ သေသေချာချာတော့တပည့်တော်စိတ် ကူးထားပါတယ်။ တပည့်တော် လုပ်ရင်တော့ အပြတ်ပဲတဲ့၊ ဟာ..အခုကတည်းက ပြတ်နေတာ။ လုပ်ရင်တော့အပြတ်ပဲ တဲ့။ ဘာမှမလုပ်ဖြစ်သေးဘူး။ လုပ်ရင်တော့ အပြတ်ပဲတဲ့။

အဲဒီလို ကျိန်းနေတာနဲ့ဘဲ ခတ်ကွင်းပြင်ရတာနဲ့ဘဲ ဘာမှအလုပ်မဖြစ်တော့ဘူး။ အဲဒီလို ပုဂ္ဂိုလ်တွေက မများဘူးလား။

*(များပါတယ်ဘုရား...)*

အေး...အဲဒါကြောင့် တစ်သံသရာလုံးက တို့က ဘုရား၊ တရား၊ သံဃာကို ကြုံကြုံဖန်ဖန် ပြုံးပြုံးရွှင်ရွှင် ရှောင်တတ်တယ်။ ရှုံ့မဲ့ပြီး ရှောင်တာမဟုတ်ဘူးနော်။ ဘာလို့ဆို ပညာကြီးတဲ့ ပုဂ္ဂိုလ်တွေကိုး။ ပညာကြီးတဲ့ပုဂ္ဂိုလ်က ပြုံးပြုံးရွှင်ရွှင်နဲ့ရှောင်တာမဟုတ်လား။ အကြောင်းပြချက်ကလေးတွေကလည်း အင်မတန် မနိုင်မာဘူးလား။

*(ခိုင်မာပါတယ်ဘုရား...)*

နားထောင်တဲ့သူများ ဘယ်လိုမှကို ပြန်ကိုပြောစရာကို အကွက်ကို တစ်စက်မှကိုမရအောင် ပြောချလိုက်တာ။ ဒီဟာလေး ပြီးရင်တော့ လုပ်မလို့ဘဲ၊ တကယ်ကိုလုပ်မှာ၊ တပည့်တော်က အင်မတန်ကြည်ညိုတာဘဲဆိုပြီးတော့ အဲဒါနဲ့ဘဲ နှစ်ပေါင်း သောင်းချောက်ဆယ် ကြာသွားတယ်။ မလုပ်ဖြစ်တော့ဘူး။

အဲဒီလိုနဲ့ဘဲ တို့သူငါတွေ ဘုရားအဆူဆူလွဲခဲ့တယ် မဟုတ်လား။

*(မှန်လှပါဘုရား...)*

အဲဒါ နာတဲ့ သူတင်မကဘူး၊ ဟောတဲ့သူလည်း မပါဘူးလား။

*(ပါပါတယ်ဘုရား . . .)*

အေး . . .ဟိုတုန်းက ေ ခဲ့တာတော့ ထားတော့။ အခုတစ်ခါ ထပ်ေ ရင်တော့ သူတော်ကောင်းတို့ပင်လယ် နား နီးပြီနော်။

*(မှန်လှပါဘုရား . . .)*

ဒီသာသနာ ၂၅၀၀ ကျော်သွားပြီ။ နောက်ဆိုရင် သာသနာပတော့မယ် မဟုတ်လား။ သာသနာပလို့ ရှိရင် လူဆိုး၊ လူမိုက်တွေ မများဘူးလား။

*(များပါတယ်ဘုရား . . .)*

အခုတောင်မှ မများဘူးလားဗျာ။

*(များပါတယ်ဘုရား . . .)*

အခုတောင်များတယ်ဆိုနောင်ဆိုရင်ပိုမဆိုးနိုင် ဘူးလား။

*(ဆိုးနိုင်ပါတယ်ဘုရား . . .)*

လူဆိုးလူမိုက်ကြားထဲများ ကိုယ်ကသွားဖြစ်ရလို့ရှိ ရင်ဗျာ။ လောဘတွေဖြစ်၊ ဒေါသတွေဖြစ်၊ မောဟတွေဖြစ်၊ သူတို့စိတ်တွေကူး။ သူတို့အယုတ်တမာစိတ်တွေ ကိုယ့်ထဲ ကူးရင် ကိုယ်လည်း အပယ်မကျနိုင်ဘူးလား။

*(ကျနိုင်ပါတယ်ဘုရား . . .)*

စိတ်က ကောင်းတဲ့စိတ်က ကူးရတာခဲယဉ်းတယ် နော်။ ကောင်းတဲ့စိတ်က ဒီမှာ စနေနဲ့ တနင်္ဂနွေ (၂)ခါပဲရှိတယ်

ခါတ်က။ ဟုတ်တယ်မဟုတ်လား။ ဦးရေဝတ ဒီမှာ ခါတ်တွေ ပေးတယ် မဟုတ်လား သူတော်ကောင်းတို့။ ခါတ်တွေပေးနေတာ သိပ်မလာချင်ဘူး၊ နံပါတ်ပေးမှသွားချင်တာ။ ဟုတ်တယ် မဟုတ်လား။

အဲဒီတော့ ကောင်းတဲ့ခါတ်က တော်ရုံတန်ရုံမကျူးဘူးဗျ။ ဝိပဿနာခါတ်က။ မကောင်းတဲ့ခါတ်က ကျူးရတာ လွယ်တယ်။ ဟုတ်တယ်မဟုတ်လား။ လောဘဖြစ်စရာဆို လောဘဖြစ်မယ်၊ ဒေါသဖြစ်စရာဆို ဒေါသဖြစ်မယ်၊ မောဟ ဖြစ်မယ် အဲဒီတော့ ဒို့သူငါ အခုချိန်ခါမှာ မြန်မြန်ကမ်းကိုရှာမှ။ နံပါတ်(၄)ပုဂ္ဂိုလ်ဖြစ်အောင်ပြောနေတာ သူတော်ကောင်းတို့

*(မှန်လှပါဘုရား...)*

ကမ်းကိုမရှာပဲနဲ့ မျောမယ်ဆိုရင်တော့ သူတော်ကောင်းတို့ ပင်လယ်ထဲ ရောက်တော့မယ်နော်။

*(မှန်လှပါဘုရား။)*

ပင်လယ်ထဲ ရောက်ရင် ကမ်းမမြင်၊ လမ်းမမြင်ဆိုတော့ မြှုပ်ဖို့ကတော့မကျိမ်းသေဘူးလား။

*(ကျိမ်းသေပါတယ်ဘုရား...)*

မိမိတို့ကလည်း ပုထုဇဉ်တွေဘဲ၊ ရဟန္တာတွေမဟုတ်သေးဘူး။ ကိုယ့်ပတ်ဝန်းကျင် က ပုဂ္ဂိုလ်ကလည်း လူမိုက်တွေ ကလည်း ပုထုဇဉ်တွေမဟုတ်လား။

*(မှန်လှပါဘုရား...)*





သူတို့က လောဘ၊ ဒေါသဖြစ်ရင် ကိုယ်လည်း လောဘ၊ ဒေါသဖြစ်မှာဘဲ။ အတူတူဘဲမဟုတ်လား။

*(မှန်လှပါဘုရား...)*

အဲဒါကြောင့်မို့လို့ ရှေ့ရေးကို ဉာဏ်အမြော်အမြင်နဲ့ ကြည့်လိုက်လို့ရှိရင် အင်မတန် ရင်လေးဖို့ကောင်းတယ်နော်။ ဒါကြောင့်မို့ဆရာတော်ဘုရားကြီးတွေစာအုပ်ကြီးတွေ အများကြီးထုတ်ခဲ့တယ်။ အပင်ပန်းခံပြီးတော့ကို ထုတ်တာ။ အများအတွက်၊ နောင်အနာဂတ်သာသနာဆိုပြီးတော့ ဆရာတော်ဦးဇနကာဘိဝံသတို့ဘာတို့၊နောက် ဟိုးဘက်က သာသနာ့ဝံသတို့ဘာတို့ ဆရာတော်ကြီးတွေ ရေးခဲ့တာတွေ အများကြီးဘဲ။ မဟာစည်ဆရာတော်ဘုရားကြီးတို့၊မိုးကုတ်ဆရာတော်ဘုရားကြီးတို့က ဟောခဲ့တယ် အများကြီးဘဲ။ နောင်အနာဂတ်မှာ လူတွေက တရားတွေ ပျက်ကြမယ်။ တရားတွေပျက်လို့ရှိရင် အပယ်ရောက်မယ့်သူ များတော့မယ်။

အဲဒီထဲမှာမိမိတို့ မပါအောင် အခု မမြုပ်သေးတဲ့အချိန်အခါမှာ၊ မှောင်မည်းနေတဲ့အချိန်အခါမှာ၊ လျှပ်စီးလေးလက်တဲ့အခါမှာ ဘာကိုရှာရမတုန်း။

*(ကမ်းကိုရှာရမှာပါဘုရား...)*

လျှပ်စီးလက်တယ်ဆိုတာ ယောဂီတို့ အားထုတ်ဖို့အခွင့်အရေးရတဲ့ အချိန်အခါမှာ အားထုတ်ဖြစ်အောင် အားထုတ်ပါ။ တရားနာဖို့ အခွင့်အရေးရတဲ့ အခါမှာ တရားနာ

ဖြစ်အောင်နာပါ။ မှောင်ပိန်းနေတဲ့ အခါမှာ ရှာလို့ရပါ့မလား။

*(မရပါဘူးဘုရား...)*

သန်းခေါင်အချိန်အခါလည်းဖြစ်နေတယ်၊ လမိုက်ရက်ကြီးလည်း ဖြစ်နေတယ်၊ မြစ်ထဲမှာ နောက်သေးနားမှာလည်း ရှုံ့ပုတ်တွေအများကြီးဘဲ မှောင်ပိန်းနေတယ်ဆိုတော့ ဘယ်လိုလုပ်ရှာမလဲ။ ဘယ်မှာရှိမှန်းမသိဘူး ကမ်းက။ ဟုတ်တယ်မဟုတ်လား။ သူလိုကိုယ်လို သားရေး၊ သမီးရေး၊ စီးပွားရေးလုပ်နေတဲ့ပုဂ္ဂိုလ်ဆိုတော့ သူလည်း မှောင်ပိန်း၊ ကိုယ်လည်းမှောင်ပိန်းဆိုတော့ ကဲ သိပါ့မလား။

*(မသိပါဘူးဘုရား။)*

ခု . . . သံဃာတော်အရှင်မြတ်တွေရှိနေတယ်။ ကျေးဇူးတော်ရှင်မဟာစည်ဆရာတော်ဘုရားကြီးတို့၊ ကျေးဇူးတော်ရှင်မိုးကုတ် ဆရာတော်ဘုရားကြီးတို့ စသည်အားဖြင့် ပြန်ပြီးတော့ အဲဒီတရားတွေ ဟောပြောပြသနေတဲ့ သံဃာတော်တွေရှိနေတယ်။ အဲဒါ တရားဟော တရားနာ နောက်တခါ တရားအားထုတ်တဲ့အချိန်ဟာ လျှပ်စီးလက်တဲ့ အချိန်ဘဲနော်။ လျှပ်စီးလက်တဲ့အချိန်မှာ အပင်ပန်းခံပြီးတော့ သူတော်ကောင်းတို့ ဘာကိုရှာရမလဲ။

*(ကမ်းကိုရှာရမှာပါဘုရား...)*

အဲ . . .ကမ်းကိုရှာဆိုတာ နိဗ္ဗာန်ကိုရှာခိုင်းတာ။ နိဗ္ဗာန်ကိုရှာဆိုတာ ဝိပဿနာ အားထုတ်ခိုင်းတာ သူတော်





ကောင်းတို့။ အခြေအနေ အချိန်အခါလေးပေးနေပါတယ်။ သူတော်ကောင်းတို့။ သေချာစဉ်းစားမှ ပေါ်တာနော်။ သေချာစဉ်းစားမှ၊ သေချာစဉ်းစားမှ။ နည်းနည်းလေး စဉ်းစား လို့မရဘူး။ သူတော်ကောင်းတို့ အခုအချိန်မှာတော့ ဘယ်နေရာဖြစ်ဖြစ် မိမိမရှိရင် မဖြစ်ဘူး။ အင်မတန်မှဘဲ မိမိဟာ အရေးကြီးတဲ့ အခန်းကဏ္ဍမှာ ပါမနေဘူးလား။

*(ပါနေပါတယ်ဘုရား . . .)*

မိသားစုမှာလည်း မိမိလုပ်ကျွေးမှ။

*(ဟုတ်တယ်မဟုတ်လား . . .)*

ဒို့ပြင် အရာတွေမှာလည်း၊ ပတ်ဝန်းကျင်ဆက်သွယ်တာတွေမှာလည်း မိမိရှိမှ၊ မိမိရှိမှ။ ငါမရှိရင်တော့ အကုန်ခက်ကုန်တော့မှာဘဲ။ ဒီလိုတွေမဖြစ်နေဘူးလား . . သူတော်ကောင်းတို့။

*(ဖြစ်နေပါတယ်ဘုရား . . .)*

အဲဒီလို မရှိမဖြစ်တဲ့ပုဂ္ဂိုလ်များ ကဲ . . ဖြတ်ဆိုသေကြည့်ပါဗျာ၊ အခုဘဲ သေကြည့်လိုက်ပါ တရားနာရင်းနဲ့။ ဒါသဘောပြောပါတယ် သူတော်ကောင်းတို့ ဟုတ်လား။ ကျန်တဲ့သူတွေ အကုန်လုံး လိုက်သေမှာလား၊

*(မသေပါဘူးဘုရား . . .)*

ဟာ.. ဒီပုဂ္ဂိုလ်မရှိရင် မဖြစ်ဘူးဆို။ မဖြစ်ဘူးဆို သေပေါ့ အကုန်လုံးပိုင်းပြီးတော့။ ကဲ သေပါ့မလားလို့။

*(မသေပါဘူးဘုရား...)*

သူဟာနဲ့သူ ဖြစ်သွားတာဘဲ မဟုတ်လား။

*(မှန်ပါတယ်ဘုရား...)*

အေး သူ့သူငါငါ အဲဒီအတိုင်းဘဲ။ အထင်လွဲနေကြတာ။ ကိုယ်မရှိရင် မဖြစ်ဘူးလို့ထင်တာ။ မရှိလည်း ဖြစ်တာဘဲ၊ သူ့သဘာဝသူဟာသူဖြစ်သွားတာဘဲမဟုတ်လား။

*(မှန်လှပါဘုရား...)*

ဒီပြင်လူကို မပြောပါနဲ့ဗျာ။ သဗ္ဗညုမြတ်စွာဘုရား ပရိနိဗ္ဗာန်စံသွားတယ်။ ဘုရားရှိမှ ဒီတရား ဘုရားမရှိလည်းကျန်တဲ့သံဃာတွေဆက်ဖြစ်သွားတာဘဲ။ သူ့အချိန်တန် သူဟာသူဖြစ်သွာတာဘဲ မဟုတ်လား။

*(မှန်လှပါဘုရား...)*

လောကသုံးပါးမှာ ဘုရားထက်မြတ်တာများ ရှိပါအုံးမလား။

*(မရှိပါဘူးဘုရား...)*

ကဲ...တိုင်းပြည်မှာ တချို့ ရှင်ဘုရင်တွေ နတ်ရွာစံသွားတယ်။ နောက်ဆက်သွားတာဘဲ မဟုတ်လား။ မရှိမဖြစ်ဘူးဆိုတာ ဟုတ်ရဲ့လား။

*(မဟုတ်ပါဘူးဘုရား...)*

ဟိုမှာ အရာရှိတွေ ဘာတွေ ညာတွေ တချို့နေရာတွေ ကဲသေသွား။ သေသွား နောက်အရာရှိတစ်ယောက်တက်

တာဘဲ။ ကဲ မဖြစ်ဘူးလား။

*(ဖြစ်ပါတယ်ဘုရား...)*

ရဟန်းသံဃာတော်တွေတဲ့ကျောင်းထိုင်နေတယ်။ ဟာ ဒီဆရာတော်က သာသနာပြုတာ ကောင်းတယ်။ အင်မတန်တော်တာဘဲတဲ့။ ဟော ပျံတော်မူသွား။ နောက်တစ်ပါးတက်တာဘဲ။ ကဲ ဖြစ်မသွားဘူးလား။

*(ဖြစ်သွားပါတယ်ဘုရား။)*

အဲဒီတော့ မဖြစ်တာက ကိုယ့်တဏှာက မဖြစ်တာ။ သဘောပါရဲ့လား။

*(ပါပါတယ်ဘုရား...)*

ကိုယ့်တဏှာက ကိုယ် မင်းမရှိရင်မဖြစ်ဘူး။ ဘယ်သူက ဟောနေပါလိမ့် အဲဒါ။

*(တဏှာက ဟောနေတာပါဘုရား...)*

တဏှာကဟောနေတာ ဦးဇင်းတို့ဟော နေတာ မဟုတ်ဘူးနော်၊ ရင်ထဲက ပုဂ္ဂိုလ်ကြီးက ဟောနေပါတယ်။ ရင်ထဲက မင်းမရှိရင် မဖြစ်ဘူး။ အဲဒီတော့ မင်းမရှိရင် ဖြစ်ဘူးဆိုတော့ ဥပုသ်ကလေးတောင် မစောင့်နိုင်ဘူးဖြစ်နေတယ်။ စနေ၊ တနင်္ဂနွေ ဘဲ ဥပုသ်စောင့်လိုက်ရင် မကောင်းဘူးလား။

*(ကောင်းပါတယ်ဘုရား...)*

ဩော်ရ အရှင်ဘုရား အခုမှ ပြောတာကိုး၊ ဟုတ်တယ်မဟုတ်လား။ ဥပုသ်ကို မနက်ကတည်း စောင့် လိုက်လို့ရှိ

ရင် ရှစ်ပါးသီလ စနေနေ့ဥပုသ်ရမယ်၊ တနင်္ဂနွေနေ့ ဥပုသ်ရမယ်။ ဟာ မနက်ကတည်းကနေပြီးတော့ ဟုတ်လား။ တစ်ခါတည်း မနက်ကတည်းက စထိုင်တော့ဗျာ။ ဒီလောက်ထိုင်တတ်နေတာ ဟုတ်တယ်မဟုတ်လား။

*(မှန်ပါ့ဘုရား...)*

မနက်ကတည်းကဟော့။ တို့ စနေ၊ တနင်္ဂနွေ ဆိုတို့ ‌အလုပ်ပိတ်မယ်ဟော့။ လာ ထိုင်ကြမယ်ဟော့ဆိုပြီး ထိုင်ကြမယ်။ ကဲ ...မနက်မှာ သုံးချိန်လောက်ရမယ်ဗျာ၊ နေ့ခင်းမှာ နှစ်ချိန်လောက် ရမယ်ဗျာ။ အဲဒီလိုများ ထိုင်လိုက်ကြမယ်ဆိုရင် ကုသိုလ်တွေ ပိုမတိုးဘူးလား။

*(တိုးပါတယ်ဘုရား...)*

အဲဒီလိုဆို နောက် အပတ်ကျရင် အဲဒီလို လုပ်ရင် မကောင်းဘူးလား။

*(ကောင်းပါတယ်ဘုရား...)*

အေး . . ဒါ ရှစ်ပါးသီလစောင့် ဖစ်အောင် ဖ ဟာတာ သူတော်ကောင်းတို့။

*(မှန်လှပါဘုရား...)*

ရှစ်ပါးသီလနှင့် မနက်ဆို နှစ်ချိန်လောက် သုံးချိန်လောက် ရတယ်ဗျာ၊ ၇ နာရီထဲက ရောက်အောင်လာ။ ၇ နာရီကနေ ၈ နာရီ၊ ၉ နာရီကနေ ၁၀ နာရီ၊ အနည်းဆုံး နှစ်ချိန်လောက်ရတယ် ဟုတ်တယ်မဟုတ်လား။ ၁၂ နာရီ ခွဲ

စာမျက်နှာ၊၇၉၊





ကနေပြီးတော့ ၁ ချက်ခွဲ။ အဲဒီကနေ တရားနာ။ တရားနာပြီ မပြန်နဲ့အုံး။ နောက်တစ်ချိန် ဆက်ထိုင်အုံးမယ် ဟော့။

အဲ . . နံပါတ်(၄) ပုဂ္ဂိုလ်ရောက်သွားပြီနော် သူတော်ကောင်းတို့နံပါတ်(၄)ပုဂ္ဂိုလ်က သူက မမြုပ်အောင်လည်း လုပ်ရသေးတယ်၊ ကမ်းတော့ မကူးနိုင်သေးဘူး၊ ကမ်းမမြင်သေးဘူး ပထမက ဟုတ်လား။ ဘေးနားက ဒိုက်တွေ၊ ချုံတွေကိုလည်း ဖယ်ရသေးတယ်၊ ဖယ်ပြီးတော့ ဘယ်ကိုလည်း ကြည့်ရသေးလဲ။

*(ကမ်းကိုလည်းကြည့်ရသေးပါတယ်ဘုရား ...)*

ကမ်းကြည့်တယ်ဆိုတာဘာလုပ်တာပါလိမ့်။

*(ဝိပဿနာတရား အားထုတ်တာပါဘုရား ...)*

အေးရဝိပဿနာတရားအားထုတ်နေတာနိဗ္ဗာန်ရှာနေတာလေ . . .သူတော်ကောင်းတို့။

*(မှန်လှပါဘုရား . . .)*

အေး . . ကမ်းဆိုတာနိဗ္ဗာန်ဘဲ။ နိဗ္ဗာန်ကိုမြင်အောင်ကြည့်ဆိုတော့ ဝိပဿနာတရား အားထုတ်နေတာ။ ဝိပဿနာတရားအားထုတ်တယ်ဆိုတာ ဒီတိုင်း သူက ကြည့်လို့မရဘူး ကမ်းကိုဘေးနားမှာ ချုံပုတ်တွေကလည်း အင်မတန် မကြီးကျယ်ဘူးလား။

*(ကြီးကျယ်ပါတယ်ဘုရား . . .)*

ယောဂီတို့ ဘေးနားမှာ ချုံပုတ်တွေ မရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

အဲဒီ ချုံပုတ်တွေကို နည်းနည်းလောက် ဖယ်လိုက်ပါတဲ့။ ဧကလောက်ပေါ့ဗျာ၊ အကြာကြီး မဖယ်ရင်နေပေါ့ ဟုတ်လား။ ဧကလောက်တော့မဖယ်သင့်ဘူးလား။

*(ဖယ်သင့်ပါတယ်ဘုရား...)*

အေး.. တစ်လ နှစ်လ ဖယ်လိုက်ပါ၊ သုံးလ လေးလ ဖယ်လိုက်ပါ၊ တစ်နှစ်နှစ်နှစ် ဖယ်လိုက်ပါ။ ဒါမှ တရားရမှာနော် သူတော်ကောင်းတို့။

*(မှန်လှပါဘုရား...)*

ချုံပုတ်ထဲမှာ ဝင်အောင်းနေလို့ ရှိရင်တော့ဗျာ။ ကမ်းမြင်ပါတော့မလား။

*(မမြင်တော့ပါဘူးဘုရား...)*

ချုံပုတ်က အင်မတန် မကြီးကျယ်ဘူးလား။

*(ကြီးကျယ်ပါတယ်ဘုရား...)*

ချုံပုတ်ကိုပြောတာ သူတော်ကောင်းတို့ဟုတ်တယ် မဟုတ်လား။ အဲဒီချုံပုတ်တွေကို ဖယ်ပြီးတော့ ကြည့်ပါတဲ့။ အမျိုးသားကလည်း ချုံပုတ်ကို ဖယ်လိုက်ပါ။ ဘေးနားက ချုံပုတ်ကို ဟုတ်လား။ အမျိုးသမီးကလည်း ဘေးနားက ချုံပုတ်တွေကို ဘာလုပ်ရမလဲ။

*(ဖယ်ရမှာပါဘုရား...)*

ဖယ်လိုက်ပါ ဖယ်လိုက်ပါ။ ချုံပုတ်မရှိတဲ့ပုဂ္ဂိုလ်တွေ




က ချုံပုတ်ကိုမမျော်လင့်နဲ့။ မြန်မြန်ဆန်ဆန် ကမ်းမြင်အောင် လုပ်ရမယ့် ပုဂ္ဂိုလ်တွေက ဘယ် . . ချုံပုတ်ကြီး ရောက်လာရင် မြင်ဖို့လွယ်ပါမလား။

*(မလွယ်ပါဘူးဘုရား။)*

ချုံပုတ်ကြီးက အပေါ်ကနေစီးပြီးတော့ မှောင်ပိန်း နေတယ်ဆိုတော့ ကမ်းက ဘယ်လိုလုပ် ဟိုဘက်ကိုလှမ်းမြင် ဖို့ လွယ်ပါတော့မလား သူတော်ကောင်းတို့။

*(မလွယ်ပါဘူးဘုရား . . .)*

သဘောပါရဲ့လား။

*(ပါပါတယ်ဘုရား . . .)*

အဲဒီချုံပုတ်တွေကို မမက်မောပါနဲ့။ ချုံပုတ်တွေကို ခဏဖယ်ထားလိုက်ပါအုံး။ လက်နဲ့ မင်း ခဏဘေးဖယ်အုံး၊ ဘေးဖယ်အုံး ပေါ့။ ကမ်းကို ကြည့်မလို့ သူတော်ကောင်းတို့ ဟုတ်လား။ အဲဒီလို ချုံပုတ်ကို ဖယ်ပြီးတော့ ကြည့်ပါများလို့ ရှိရင် နောက်ပိုင်းကျလို့ရှိရင် ကြိုးစားလို့ရှိရင် ကမ်းမြင်နိုင် ဘူးလား။

*(မြင်နိုင်ပါတယ်ဘုရား . . .)*

ဝိပဿနာတရား ကြိုးစားပွားများအားထုတ်ရင် နောက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရမယ်။ ဒါကိုပြောတာ သူတော်ကောင်းတို့။ သူက ခုနတုန်းက လေချွန်လိုက်တဲ့ ပုဂ္ဂိုလ်ထက်စာရင်တော့ ပင်ပန်းတယ်နော်။

*(မှန်လှပါဘုရား...)*

လေချွန်လိုက်တဲ့ပုဂ္ဂိုလ်ကသူက ညာဘက်ဆို ဩကာသ၊ ဩကာသလုပ်လိုက်တယ်၊ အဲ နောက်ပြီးတော့ ဒါန လေး ဘာလေးပြုလိုက်တယ်၊ ကုသိုလ်ကောင်းမှုတွေဘာတွေ ပြုလိုက်တယ်၊ နောက်ပြီးတော့ သူက ချုံပုတ် မဖယ်ဘူး၊ ချုံပုတ်ထဲ သွားအိပ်နေတယ်။

*(ဟုတ်တယ်မဟုတ်လား...)*

ချုံပုတ်ထဲအိပ်ပြီးတော့ ေ ပါသွားတဲ့ ပုဂ္ဂိုလ်က ဒီကမ်းမြင်ပါတော့ မလား။

*(မမြင်ပါဘူးဘုရား...)*

မမြင်ရင် သူက ပင်လယ်ထဲရောက်တော့မယ်နော် သူတော်ကောင်းတို့ရေစီးက သန်တယ်မဟုတ်လား။

*(သန်ပါတယ်ဘုရား...)*

သူတော်ကောင်းတို့ သေသေချာချာ စဉ်းစားမှ စေ့စေ့တွေးမှ။

*(ရေးရေး ပေါ်ပါတယ်ဘုရား...)*

သူတော်ကောင်းတို့ ရေစီးက အင်မတန် သန်ပါတယ်။ မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဟာ တဏှာ မြစ်ရေ တွေမဟုတ်လား၊ သူတော်ကောင်းတို့၊။

*(မှန်လှပါဘုရား...)*

အဲဒီရေစီးကလည်း အင်မတန် မသန်ဘူးလားဗျာ။

*(သန့်ပါတယ်ဘုရား . . .)*

အင်မတန် သန့်ပါတယ်၊ အိမ်မက်ထဲတောင် မက်တယ်၊ သန့်တယ်၊မဟုတ်လား သူတော်ကောင်းတို့။

*(သန့်ပါတယ်ဘုရား . . .)*

အဲဒီတော့ အဲဒီ ရေစီးသန့်တာကြီး မြောပါသွားလို့ ရှိရင် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် မရသေးပဲနဲ့ သာသနာပထိ ရောက်မသွားနိုင်ဘူးလား။

*(ရောက်သွားနိုင်ပါတယ်ဘုရား . . .)*

သာသနာပရောက်သွားမှ ဝိပဿနာ အားထုတ်ချင်တယ်ဆိုလို့ ငိုနေလို့ရပါအုံးလား။

*(မရပါဘူးဘုရား . . .)*

သာသနာပ ထားပါအုံးဗျာ၊ အခု နောက်ပိုင်းတောင် ကွယ်တော့မယ်နော် သူတော်ကောင်းတို့။ နောက်ပိုင်းကျ လို့ ရှိရင် တဖြည်းဖြည်းနဲ့ ကာမသုခလ္လိကာနုယောဂတွေက များလာပြီ။ သက်သက်သာသာလေး သိပြီးရော သိပြီးရော အဲဒါတွေ အများကြီး လာကုန်ပြီဗျ။ ဘာဖြစ်လို့လဲဆိုတော့ ဒါ သဘာဝဘဲလေ။ ဘယ်သူ့မှ အပြစ်မတင်နဲ့။ ကိုယ့်ကိုကိုယ်သာ အပြစ်တင်။ မင်း ပေါ့ခဲ့လို့ မင်း အခုထက်ထိ တရားမရတာ။ မကောင်းတာတွေ မဟုတ်တာတွေ ပြောနေကြတဲ့သူတွေကို သွား အပြစ်မတင်နဲ့နော်။ ဒါ သဘာဝဘဲ။

မြတ်စွာဘုရားပွင့်တုန်းကကြည့်ပါလား မက္ခလိ

ဂေါ်သာလတို့၊ပူရဏကဿပတို့ နောက် တိတ္ထိဆရာကြီး ခြောက်ယောက်လေ၊ နာဋပုတ္တတို့ ကဲ အမျိုးမျိုး မဟုတ်က ဟုတ်ကတွေ ဟောနေတယ် မဟုတ်လား။

*(မှန်လှပါဘုရား...)*

မဟုတ်က ဟုတ်ကတွေ ဟောနေတာ ဒါသဘာဝပဲ သူက။ အမှန်ရှိရင် အမှားက ရှိရမယ်၊ အလင်းရှိရင် အမှောင်ရှိရမယ်၊ နိဗ္ဗာန်ရောက်မယ့် တရားပေါ်ရင်၊ အဝီစိ ရောက်မယ့် တရားကလည်းပေါ်ရမယ်။ဘယ်ဘက်က အားကောင်းလဲဆိုတော့ အဝီစိရောက်မယ့် တရားဘက်က အားတွေက မကောင်းဘူးလား။

*(ကောင်းပါတယ်ဘုရား...)*

နိဗ္ဗာန်နဲ့ လွဲမယ့်တရားတွေက အများကြီး ပေါ်မယ် နော်သူတော်ကောင်းတို့။

*(မှန်ပါဘုရား...)*

တရားနာရုံနဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတာတို့၊ ၇-ရက်လုပ်လိုက်တာနဲ့တမ်းရတာတို့၊ ဟာသဖွဲ့ညှတာမြစ် စွာဘုရားကျနေတာဘဲ။ ဘယ်နေ့ဘယ်သူ ဘာရမလဲဆိုတာ ဘုရားမှ သိတာဗျ။ ကျန်တဲ့သူ မသိနိုင်ဘူး။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီး ဉာဏ်စဉ်ပေးတယ်ဆိုတာ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် ရလို့ ပေးတာမဟုတ်ဘူး။ ကိုယ့်ဉာဏ်အဆင့်ကိုယ်တိုင်ချင့်လို့





ဒီလို ပါတယ်မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

ဖြစ်တဲ့ဉာဏ်တွေကို ဟောပြတာ။ ကိုယ့်ဖြစ်တဲ့ဟာနဲ့ ဒီကဟောတာတွေကို တိုက်ဆိုင်ကြည့်။ ကိုယ်တိုက်ဆိုင်ရင် ကိုယ်ရတာဘဲ။ မတိုက်ဆိုင်ရင် မရဘူး။ ကိုယ့်ဉာဏ်အဆင့် ကိုယ်တိုင်ချင့်ဒီလို ပြောတာ။ အောင်လက်မှတ် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်ရတဲ့အောင်လက်မှတ်ပေးတာ မဟုတ်ဘူး။ အဲဒါ အခုက ၇– ရက်အားထုတ်ရင် ရမယ်၊ ၈ –ရက်အားထုတ်ရင် ရမယ်ဆိုတော့ တကယ်မရသေးပဲနဲ့ ကိုယ့်ကိုယ်ကိုရတယ် ထင်ရင်မနာဘူးလားဗျာ။

*(နာပါတယ်ဘုရား . . .)*

အဲ နောက်ပိုင်းကျရင် အဲဒါတွေ အများကြီး ဖြစ်တော့မယ်။

ဘုရားစကား နားမထောင်ပဲနဲ့ လုပ်ချင်တာ လုပ်တဲ့ ပုဂ္ဂိုလ်တွေပေါ်တော့မယ်။ အဲဒီ ပုဂ္ဂိုလ်တွေရဲ့အပြစ်မဟုတ်ဘူး။ ဒါ သဘာဝဘဲသာသနာက ပရမှာကိုးဗျ။ သာသနာက တစ်နေ့နေ့ကျရင်ပရမှာမဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အဲ ပတယ်ဆိုတာ သီလ၊ သမာဓိ၊ ပညာတွေ တိုးတက်လို့ပတာမဟုတ်ဘူး။ ဆုတ်ယုတ်လို့ ပတာ မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အဲဒီတော့ အဲဒီလို တဖြည်းဖြည်း ဆုတ်ယုတ် ဆုတ်ယုတ်လာပြီ ဆိုတော့ ကိုယ်သိရဲ့သားနဲ့ အေးအေးဆေးဆေး ပေါ့ပေါ့ဆဆ နေတယ်ဆိုတာ သူများမိုက်တာလား၊ ကိုယ်မိုက်တာလား။

*(ကိုယ်မိုက်တာပါဘုရား...)*

နောက်ပိုင်းကျရင် အဲဒါ ပင်လယ်ထဲရောက်သွားလိမ့်မယ်။ ဘာမှကမ်းမမြင် လမ်းမမြင် ဘာမှ မှီစရာ တွယ်စရာ မရှိရင်တော့ အဲဒါ နစ်လိမ့်မယ်။ အခုထဲက ပင်ပန်းခံပြီး ကမ်းကို ရှာကြ။

ပင်ပန်းခံဆိုတာ လူပင်ပန်းတာ ဒီလောက်မဟုတ်ဘူး။ စိတ်ပင်ပန်းခံကြနော် သူတော်ကောင်းတို့။

*(မှန်လှပါဘုရား...)*

စိတ်ပင်ပန်းခံကြဆိုတာ စွန့်လွှတ်သင့်တဲ့ အရာကို စွန့်လွှတ်ကြပါ။အပြီးအပိုင် မစွန့်လွှတ်နိုင်ရင် တခဏ၊ တခဏ စွန့်လွှတ်ကြ။ ကိလေသာတွေကို စွန့်လွှတ်ကြ။ ဖက်တွယ်မထားနဲ့ကိလေသာတွေကိုကိလေသာတွေကစွန့်လွှတ်ရမယ့် တရားတွေ။ အကုသိုလ် ဒုစရိုက်တွေက စွန့်လွှတ်ရမယ့် တရားတွေ။သံယောဇဉ်ဟာစွန့်လွှတ်ရမယ့် တရားတွေ၊တွယ်တာ မထားနဲ့ ၊ တစ်နေ့ကျရင်ခွဲရမှာဘဲ။ အခု ဘယ်လောက်ပဲ တွယ်တာတယ်၊ မြတ်နိုးတယ်ဘဲ ဘာတွေဘဲပြောပြော တစ်နေ့ကျရင် ခွဲရမှာမဟုတ်လား။

*(မှန်လှပါဘုရား...)*





အဲ. . .အခု မေတ္တာနဲ့ လုပ်ကျွေးတာ လုပ်ကျွေးတာဘဲ။ ဉာဏ်ပညာနဲ့ခွဲပြီး တရားအားထုတ်ကြ။ ယောဂီတို့ တစ်ယောက်နဲ့တစ်ယောက် မုန်းဖို့၊ တစ်ယောက်နဲ့ တစ်ယောက် ရန်ဖြစ်ဖို့ ပြောတာ မဟုတ်ဘူးနော်။

*(မှန်လှပါဘုရား . . .)*

ဖြစ်ဆိုလည်း ဖြစ်မှာမဟုတ်ပါဘူး ဟုတ်လား။ ဖြစ်ခိုင်းတာ မဟုတ်ဘူး ယောဂီတို့။ ဉာဏ်ပညာနဲ့တရားအားထုတ်ဖို့ပြောတာ ဟုတ်တယ်မဟုတ်လား။ အတူတူနေပေမယ့် လို့ မိမိတို့ဉာဏ်ပညာနဲ့ခွဲပြီးတော့ ဉာဏ်ပညာနဲ့ တရားအားထုတ်ရမယ်။ ဒါမှသာလျှင် ကမ်းရာတဲ့ ပုဂ္ဂိုလ် ဖြစ်မှာပေါ့။ ခုနလို ချုံပုတ်ထဲ အိပ်နေတဲ့ပုဂ္ဂိုလ်ကကမ်းမြင်ပါတော့မလား။

*(မမြင်ပါဘူးဘုရား . . .)*

အေး...ဒါကြောင့်မို့လို့ အပင်ပန်းခံပါ။ စွန့်လွှတ်သင့်တဲ့အရာကို ရဲရဲရင့်ရင့်စွန့်လွှတ်ပါ။ အဲဒါ မြတ်စွာဘုရားရဲ့သားတော်။ မြတ်စွာဘုရားအလောင်းတော်ဟာ စွန့်လွှတ်သင့်တဲ့ဟာကို စွန့်လွှတ်တယ်။ တိုင်းပြည်ကြီးလည်း စွန့်လွှတ်တာဘဲ၊ မိဖုရားတွေလည်း စွန့်လွှတ်တာဘဲ။ အဲဒီလို ပါရမီဖြည့်လို့ ဘုရားဖြစ်တာ မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

ဘုရားထိုင် ရှိခိုးနေရုံနဲ့မရဘူး။ ဘုရားလမ်းစဉ်ကို လိုက်မှဘုရားဖြစ်ချင်ရင်လည်း ဘုရားဖြစ်မယ်၊ ရဟန္တာဖြစ်

ချင်ရင်လည်း ရဟန္တာဖြစ်မယ်။ စွန့်သင့်တဲ့ဟာကို စွန့်ကို စွန့်ရမယ်။ စွန့်လို့ မျက်ရည်ဘဲ ကျကျ၊ ဘာပဲ ဖြစ်ဖြစ်၊ စွန့်သင့်တဲ့ဟာကို စွန့်ကို စွန့်နိုင်ရမယ်၊ မစွန့်ရင်ဒုက္ခရောက်မှာဘဲ။ အဲဒါ စွန့်လွှတ်သင့်တာကိုစွန့်လွှတ်ပါ။စွန့်စားသင့်တဲ့ အရာကိုစွန့်စားပါ။

စွန့်စားသင့်တဲ့အရာဆိုတာ တရားအားထုတ်တယ် တရားများများအားထုတ်ရင် ရောဂါများ ပိုတိုးလာ မလားမသိဘူး။ အင်း ငါ့ရောဂါနဲ့ မတည့်ဘူး။ ငါ လေများဖြတ်မလားမသိဘူး။ ဘာများဖြစ်မလဲ။ တချို့တရား အားထုတ်တာကို ကြောက်တာတွေ မရှိဘူးလား။

*(ရှိပါတယ်ဘုရား...)*

စွန့်စားရဲတဲ့ သတ္တိရှိရမယ်။ လုပ်သင့် လုပ်ထိုက်တာကို လုပ်ရဲတဲ့ သတ္တိရှိရမယ်။ လုပ်သင့်လုပ်ထိုက်တာကျတော့ မလုပ်ရဲဘူး။မလုပ်သင့်မလုပ်ထိုက်တာကျတော့ သွားရဲတယ်။ ကဲ.. ပြောင်းပြန် ဖြစ်မနေဘူးလား။

*(ဖြစ်နေပါတယ်ဘုရား...)*

သံယောဇဉ် တွေဆိုတာ ဖက်တွယ်ရမှာလား၊ စွန့်လွှတ်ရမှာလား။

*(စွန့်လွှတ်ရမှာပါဘုရား...)*

စွန့်လွှတ်နိုင်အောင် အတူတူနေရင်လည်းဘဲ ဉာဏ်နဲ့ စွန့်လွှတ်ရမယ်။ သူတော်ကောင်းတို့ နှစ်ပိုင်းနော်။





*(မှန်ပါတယ်ဘုရား...)*

တို့လူချည်းပဲ စွန့်ပြီးတော့ ဟိုတောထဲသွားတာက တစ်မျိုး။ ဒီလိုစွန့်လွှတ်နိုင်ရင်တော့ ရင့်ကျက်သွားပြီ အဲဒါကောင်းတယ်။ အဲဒီလို မစွန့်လွှတ်နိုင်ရင်လည်းပဲ အတူတူနေ သော်လည်းဘဲ ကြာပန်းကဲသို့၊ ရေထဲမှာ ကြာပေါက်တယ်တဲ့။ သို့သော်လည်းပဲ ကြာနဲ့ရေဟာ လိမ်းကျံရဲ့လား။

*(မလိမ်းကျံပါဘူးဘုရား...)*

အေး..အများနဲ့နေသော်လည်း မလွှဲသာ မရှောင်သာလို့အမျိုးသမီးဖြစ်နေလို့ အများနဲ့နေရတယ်၊ အများနဲ့နေပေမယ့် အများနဲ့မငြိကပ်စေနဲ့၊ကြာပန်းလိုကျင့်။

နွံထဲကပေါက်လာတာ ကြာပန်းဟာ၊ ရေထဲက ပေါက်လာတာ ကြာပန်းဟာ ဟိုးတောင်ထိပ်မှာ တက်ပေါက်တာ မဟုတ်ဘူးနော်။ ရေထဲမှာ ပေါက်ပေမယ့် ရေနဲ့လိမ်းကျံခြင်းရှိရဲ့လား။

*(မရှိပါဘူးဘုရား...)*

အေး..အဲဒီလိုဖြစ်ရမှာ။ အများနဲ့နေသော်လည်းဘဲ အများနဲ့ မလိမ်းကျံမှ လောဘ၊ ဒေါသတွေ မလိမ်းကျံအောင် ကြိုးစားရမယ်။ အခုကတည်းက စ ကြိုးစားရမှာ၊ ရသလောက်ပေါ့ ဟုတ်တယ်မဟုတ်လား။

*(မှန်ပါတယ်ဘုရား...)*

အဲဒီလို ကြိုးစားမှသာလျှင် ကမ်းကို ရှာတဲ့ ပုဂ္ဂိုလ်

ဖြစ်မယ်။ အဲဒီလိုသာ မကြိုးစားဘူး။ သူ ဒီလိုပဲ ရွံ့ တွေနှံတွေ ပေနေမယ်၊ချုံထဲဝင်အိပ်နေမယ်ဆိုရင်တော့ ကမ်းမြင်ရပါလိမ့်၏ လို့ အော်နေပေမယ့် မြင်ရပါ့မလားဗျား။

*(မမြင်ရပါဘူးဘုရား...)*

အပင်ပန်းခံပါဆိုတာ ဆန်အိတ်ထမ်းတဲ့ပင်ပန်းတာကိုပြောတာမဟုတ်ဘူး။ ရင်ထဲက စွန့်လွှတ်သင့်တဲ့ဟာကို ရဲရဲရင့်ရင့် စွန့်လွှတ်ပါ။ စွန့်စားသင့်တဲ့အလုပ်ကို စွန့်စားပါ။ ငါ သီလရှင်ဝတ်မယ်၊ ရဟန်းဝတ်မယ်။ ငါ့ကို ဘယ်သူကခေနပြီး အာမခံမလဲ၊ ဘယ်သူက လုပ်ကျွေးမလဲ၊ ဘယ်သူက ပစ္စည်းလေးပါးခံမလဲ၊ ကျန်းမာရေး မကောင်းရင် ဘယ်သူက ပြုစုမလဲ။ ငါ တကယ့်အားကိုးရာ တကယ့်တကယ်ကျ တော့ ဟိုမရောက် ဒီမရောက်ဆို ခက်များခက်မလား။ အဲဒီလို စွန့်စားသင့်တဲ့ဟာကို မစွန့်စားရဲဘူးဆိုရင် သူတော်ကောင်း အလုပ် လုပ်ဖြစ်ပါတော့မလား။

*(မလုပ်ဖြစ်ပါဘူးဘုရား...)*

သူတော်ကောင်းအလုပ်လုပ်လို့ဘယ်သူမှ ကျွေးမယ့် လူမွေးမယ့်လူမရှိလို့ငတ်သေလည်း မမြတ်ဘူးလားဗျား။

*(မြတ်ပါတယ်ဘုရား...)*

အဲဒီလို ငတ်သေတဲ့ဘဝတွေ အမျိုးမျိုး၊ ကိလေသာ အလုပ်လုပ်ရင်းနဲ့ငတ်သေတဲ့ဘဝတွေ ကဲ ရေတွက်နိုင်ပါ့မလား။

*(မရေတွက်နိုင်ပါဘူးဘုရား...)*





ပြိတ္တာဖြစ်လို့ ဝေ်သေရတာနဲ့၊ အသူရကာယ်ဖြစ်လို့ ဝေ်သေရတာနဲ့ဟာ အများကြီးပဲ ဖြစ်နေတာ။ သူတော်ကောင်းအလုပ် လုပ်ရင်းနဲ့ ဝေ်သေတာ မရှိပါဘူးဗျ။ ဘုရားအလုပ်လုပ် ဘုရားကျွေးတာဘဲ။ ဟုတ်တယ် မဟုတ်လား။

*(မှန်ပါဘုရား . . .)*

အဲ . .မစွန့်စားရဲဘူး လူတွေက။ အမျိုးသမီးလည်း မစွန့်စားရဲဘူး၊အမျိုးသားလည်း မစွန့်စားရဲဘူး၊ ဘယ်သူက ကျွေးမှာလဲ။ ဘယ်က ဘယ်သူက အာမခံမလဲ။ ကိုယ့်တရားက ကိုယ့်ကိုအာမခံမှာဘဲ။ ဟုတ်တယ်မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

အဲဒီလို စွန့်လွှတ်သင့်တဲ့အရာကို စွန့်လွှတ်ပါ။ ဥပမာ ဥပုသ်စောင့်တယ်ဆိုတာ စွန့်လွှတ်တာမဟုတ်လား။ ကဲ အပြဟ္မာစရိယာအကျင့်မကျင့်ဘူးပေ့ါ.. စွန့်လွှတ်တယ်၊ ညစာ မစားဘူးပေ့ါ.. စွန့်လွှတ်တယ်။ စွန့်လွှတ်သင့်တဲ့အရာကို ရဲရဲရင့်ရင့် စွန့်လွှတ်ကြ။ အဲဒါဆိုရင် ကမ်းကို တွေ့လိမ့်မယ် သူတော်ကောင်းတို့ ဟုတ်လား။

*(မှန်ပါဘုရား . . .)*

စွန့်လွှတ်သင့်တဲ့ဟာကို မစွန့်လွှတ်ဘူး၊ ဥပုသ်လည်း မစောင့်နိုင်ဘူး၊ ညစာလည်း အမြဲတမ်းစားနေတယ်၊ တရားထိုင်တာကျတော့ မထိုင်နိုင်ဘူး။

စွန့်စားရမယ့် အရာကို စွန့်စားကြ။ စွန့်စားရမယ်ဆိုတာ တရားတိုက်ဝင်တာတို့၊သီလရှင်ဝတ်တာတို့၊ ရဟန်းဝတ်တာ တို့၊ လူဝတ်နဲ့ဖြစ်ဖြစ် အားထုတ်တာတို့၊အားထုတ်ရမယ်။ ကိုယ်ရထားတဲ့လခစားတွေ၊ ဘာတွေ ညာတွေ အလုပ်တွေ ပြုတ်သွားပါစေ၊ ပြုတ်ပြုတ်၊ အလုပ်ပြုတ်တာ ဘာဖြစ်လဲ။ တရားရဖို့က အရေးကြီးတယ်မဟုတ်လား။

*(မှန်လှပါဘုရား...)*

တဖွတ်ထိုးကြီးကိုဖြစ်နေတယ် သူတော်ကောင်းတို့ ဟုတ်လား။ပြုတ်သွားတော့ ဘယ်သူက ကျွေးမလဲတဲ့။ တရား က ကျွေးလိမ့်မယ်။ တရားသာ တကယ်အားထုတ်။ တရားက ကျွေးတာဘဲ။

မြတ်စွာဘုရားအလောင်းတော် ရှေးပါရမီတွေ ဖြည့်လာတာ အသက်နဲ့လဲပြီး ပါရမီတွေ ဖြည့်လာတာမဟုတ် လား။

*(မှန်လှပါဘုရား...)*

အဲဒီလိုဖြည့်လို့ဘုရားဖြစ်လို့ အခုပြန်ပေါ်ထားတာ မဟုတ်လား။

*(မှန်လှပါဘုရား...)*

ဘုရားက ရှေ့က စံပြအနေနဲ့ ပြသွားတယ်။ စွန့်လွှတ် သင့်တဲ့ဟာကို စွန့်လွှတ်တယ်။ ဘုရားနန်းတော်ကြီးလည်း ဘုရားအလောင်း စွန့်လွှတ်ပြီးတော့ တောထွက်တာတွေ





မရှိဘူးလား။

*(ရှိပါတယ်ဘုရား . . .)*

စွန့်လွှတ်သင့်တဲ့ဟာကို ရဲရဲရင့်ရင့် စွန့်လွှတ်တယ်။ စွန့်စားတဲ့အလုပ် တောထဲကျရင် ဘုရား၊ ရဟန္တာတွေတော ထွက်သွားတုန်းက ခြင်ထောင်တွေ၊ စောင်တွေမပါဘူးနော်။

*(မှန်လှပါဘုရား . . .)*

ဘယ်သူမှ လိုက်စောင့်ပေးတာ မဟုတ်ဘူး။ တို့သူငါ ထွက်တယ်ဆိုတာ အမလေး ခြင်ထောင်တွေ၊ စောင်တွေနဲ့။ အမလေး အများကြီးဘဲ၊ တပုံတခေါင်းကြီးနဲ့ သွားတာ။ဘယ်တခြားစီဘဲ။ဆီနဲ့ရေဘဲ။

ဟိုမှာ သွားတယ်ဆိုတာ သစ်ပင်အောက်မှာတဲ့ ငါးရာ့ငါးဆယ်တွေမှာ သဲကုန်းဆရာတော်ဘုရားကြီး ဟော သွားတာ မတွေ့ဘူးလား။ ဟိုမှာ ကဏှာရသေ့တို့ ဘာတို့ဆိုတာ သစ်ပင်အောက်မှာ တစ်ခါထိုင်ရင် ခုနစ်ရက်တဲ့။ ခုနစ်ရက်ကြာမှ ပလ္လင်ဖြည်တယ်တဲ့။ အခု နည်းနည်းလေး ထိုင်တာတောင်မှ အတ္တကိလာမထာ ကိုယ့်ကိုယ်ကို ညည်းဆဲတယ်တဲ့။ ကဲ ငါးရာ့ငါးဆယ်တွေမှာ ဘုရားကျင့်သွားတာတွေ အများကြီးဘဲ။ အဲဒီ ကဏှာရသေ့ကို ဟိုမှာ သိကြားမင်း က တောင်မှဘဲ သူ့သိကြားဘုံဗိမာန် လုမှာစိုးလို့ လာပြောသေးတယ်မဟုတ်လား။

*(မှန်လှပါဘုရား . . .)*

ဒါကို မစိုးရိမ်ကျောင်းမှာ ဟောသွားတယ်လေ သူတော်ကောင်းတို့။

*(မှန်ပါတယ်ဘုရား...)*

အဲဒီလို စွန့်လွှတ်သင့်တဲ့ ဟာကို စွန့်လွှတ်တယ်၊ စွန့်စားရဲတဲ့ စွန့်စားသင့်တဲ့အရာကို စွန့်စားတယ်။ သူတော်ကောင်းတို့ ကမ်းရှာတာကိုပြောနေတာနော်။

*(မှန်လှပါဘုရား...)*

ကဲ ကမ်းရှာဖို့အတွက် ဟို ပိယဇ်ဟာမထေရ်ရဲ့ဩဝါဒလေးကို ကြည့်ရအောင်။ ကမ်းရှာတဲ့ပုဂ္ဂိုလ်များ လိုက်နာဖို့အတွက်နော်။ ကမ်းရှာနေတာ ဘာကို ရှာတာပါလိမ့်။

*(နိဗ္ဗာန်ကို ရှာတာပါဘုရား...)*

အေး..နိဗ္ဗာန်ရှာမယ့် ပုဂ္ဂိုလ်များ။

မြင့်တဲ့သူတွေကြားမှာ နိမ့်သူဖြစ်ပါတဲ့။ နံပါတ်(၁)က ဘယ်လိုပါလိမ့်။ မြင့်တဲ့သူတွေကြားမှာ နိမ့်သူဖြစ်ပါ။ မြင့်တဲ့သူတွေဆိုတာ မာန်မာနတွေ မြင့်တဲ့သူတွေ မများဘူးလား၊

*(များပါတယ်ဘုရား...)*

အေး ... မာန်မာနတွေ ချထားပါ။ နိမ့်တဲ့သူတွေကြားမှာ မြင့်သူဖြစ်ပါတဲ့။ နိမ့်တဲ့သူတွေကြားဆိုတာ သီလ၊ သမာဓိ၊ ပညာနိမ့်တဲ့သူတွေ မများဘူးလား။

*(များပါတယ်ဘုရား...)*

အေး...ကိုယ်က သီလ၊ သမာဓိ၊ ပညာမြင့်အောင်





ကြိုးစားပါ။ ကမ်းရှာတဲ့ပုဂ္ဂိုလ်အတွက်ပြောနေတာနော်။

*(မှန်ပါဘုရား...)*

ပျော်တဲ့သူတွေကြားမှာ မပျော်ပါနဲ့။ အခု သားနဲ့ မယားနဲ့ ပျော်တဲ့သူတွေ မများဘူးလား။

*(များပါတယ်ဘုရား...)*

မပျော်နဲ့။ အဲဒါ ဒုက္ခရောက်မယ့်အပျော်လို့ခေါ်တယ်၊ မပျော်နဲ့။ သားတွေ မယားတွေ သံယောဇဉ်တွေ ပျော်တဲ့ အပျော်ကို မပျော်နဲ့။ သူ့ဟာသူ ဘယ်သူပျော်ပျော် မပျော်နဲ့။ အဲဒါ ကမ်းရှာတဲ့ ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ချုံပုတ်ထဲမှာအိပ်နေတဲ့ပုဂ္ဂိုလ်တွေ။ဟုတ်တယ်မဟုတ်လား။

*(ဟုတ်ပါတယ်ဘုရား...)*

အဲ.. နောက်တခါ မနေတဲ့သူတွေကြားမှာ နေပါတဲ့။ မနေတဲ့သူတွေ ဝိပဿနာတရားနဲ့ မနေတဲ့ပုဂ္ဂိုလ်တွေ မများဘူးလား။

*(များပါတယ်ဘုရား...)*

အဲ ကိုယ်က ဝိပဿနာတရားနဲ့ နေပါတဲ့။ အဲဒါဆိုရင် ဘယ်မြင်နိုင်မလဲ။

*(ကမ်းကိုမြင်နိုင်ပါတယ်ဘုရား...)*

ကမ်းကိုမြင်နိုင်မယ်တယ်တဲ့။

ကဲ...ယောဂီတို့ ညောင်းကိုက်နေပြီ။ တော်ကြစို့။

*(သာဓု၊ သာဓု၊ သာဓု ။)*